ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (8-2-2010) (၆၃၀၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရှေးဘေးဘိုးဘီဘင်တို့၏ ကျေးဇူး

ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာအတူတကွ နေထိုင်နိုင်ကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ နားလည်သည်းခံ ခွင့်လွှတ်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတည်းဟူသော မိသားစုစိတ်ဓာတ်ကို အခြေခံအရင်းတည်လျက် အမြော်အမြင်ကြီးမားစွာ ပေါင်းစည်း ယှက်နွယ်နေထိုင်ခဲ့ကြသည့် ရှေးဘေးဘိုးဘီဘင် အဆက်ဆက်တို့၏ ကျေးဇူးတရားကြောင့်ပင်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ -

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Dr. Phouthong SENG-AKHOM အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး H.E. Dr. Phouthong SENG-AKHOM ဦးဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Dr. Phouthong SENG-AKHOM ဦးဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Dr. Phouthong SENG- AKHOM ဦးဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Dr. Phouthong SENG - AKHOM ဦးဆောင်သော အားကစား ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၈-၂-၂၀၁၀
(တနင်္လာနေ့)

အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်း အရည်အသွေးမြင့်ရုပ်ရှင်များ ရိုက်ကူးထုတ်လုပ်

ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးသည် မြန်မာ့ရုပ်ရှင်လောက၏ အသက်ဖြစ်သည်။ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများအနေဖြင့် မိမိတို့သရုပ်ဆောင်ရိုက်ကူးထုတ်လုပ်တင်ပြလိုက်သည့် ရုပ်ရှင်ဇာတ်ကားများ အဆင့်အတန်းအရည်အသွေးပြည့်မီနေစေရေး အလေးထားကြရမည်။ ဇာတ်လမ်းဇာတ်ကွက်၊ သရုပ်ဖော်ရိုက်ချက်၊ အနုပညာမြောက်သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ပိုမိုပီပြင်အဆင့်မြင့်မားရေး ပြုပြင်နေကြရပေမည်။

ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်မှုနှင့်ပြသမှုတွင် ခေတ်မီနည်းစနစ်များကို အသုံးပြု၍ ရိုက်ကွင်းရိုက်ချက်၊ အသံစနစ်နှင့် အထူးပြုလုပ်ချက်များကို တီထွင်သုံးစွဲ ရိုက်ကူးပြသနေကြသည်။ ဒါရိုက်တာနှင့် ရုပ်ရှင်အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ဇာတ်လမ်းဇာတ်ကွက်ဇာတ်ဆောင်များ၏ စရိုက်နှင့်အညီ ပီပြင်စွာ သရုပ်ဆောင်ထုတ်လုပ်နိုင်မှုကြောင့် အခြားနိုင်ငံများအထိ ထိုးဖောက်အောက်မြင်မှုများရရှိနေသည်ကိုတွေ့မြင်ရသည်။

ယခုအခါ နိုင်ငံတော်၏ပံ့ပိုးကူညီမှုနှင့် ရုပ်ရှင်လောကသားများ၏ အားထုတ်မှုဖြင့် အရုပ်၊ အရောင်၊ အသံအရည်အသွေးကောင်းမွန်သည့် မြန်မာရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်နေကြပြီ။ ဇာတ်အိမ်ဇာတ်လမ်း ခိုင်မာသဘာဝကျ ကောင်းမွန်ပြီး နိုင်ငံတကာရုပ်ရှင်အဆင့်မီဇာတ်ကားများ ထုတ်လုပ်၍ အရည်အသွေးမြင့်မားစေရေး ဆက်လက်ကြိုးပမ်းကြရပါမည်။ ပြည်ပသို့ ထိုးဖောက်ပြသဈေးကွက်ရရှိနိုင်ရေး အားထုတ်နေကြရပေဦးမည်။

မြန်မာ့ရုပ်ရှင်လောကသားများသည် ခေတ်အဆက်ဆက်တွင် အနုပညာစွမ်းအားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးစွမ်းဆောင်ခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် မျက်မှောက်ခေတ် နိုင်ငံတော်သစ်တည်ဆောက်နေသည့်ကာလအထိ အမျိုးသားရေးတာဝန်များကို အစဉ်တစိုက်တာဝန်ထမ်းဆောင်လျက်ရှိသည်။

မျက်မှောက်အချိန်အခါတွင် ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများ ပေါ်ပေါက်နေသည်။ ပြည်ပနိုင်ငံအချို့၏ တေးဂီတ၊ သီဆိုတင်ဆက်မှု၊ အနုပညာအဆိုအက၊ ဝတ်စားဆင်ယင်မှုများ စိမ့်ဝင်ထိုးဖောက်လာနေသည်။ အတွေးအခေါ်အယူအဆနှင့် နေထိုင်မှုစရိုက်များအထိ လွှမ်းမိုးလာလျက်ရှိသည်။ လူငယ်လူရွယ်များအပါအဝင် ပြည်သူများ သတိပြုဆင်ခြင်နိုင်ရေး ဝိုင်းဝန်းထိမ်းသိမ်းကြရပေမည်။

ရုပ်ရှင်သည် ပြည်သူများအပေါ် ဩဇာလွှမ်းမိုးသက်ရောက်မှု ကြီးမားလှသည်။ ရုပ်ရှင်အနုပညာရှင်များနှင့် ဇာတ်ကားထုတ်လုပ်သူများက မိမိတို့ပြောဆို၊ ဝတ်စားဆင်ယင်၊ သရုပ်ဆောင်ရိုက်ကူးရာ၌ မြန်မာ့ယဉ်ကျေးမှုများ ထင်ဟပ်ကိုက်ညီစေရေးအတွက် အနုပညာဖြင့် ကြိုးပမ်းကြရပါမည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများ လက်တွဲညီညီ ပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသည့် ရုပ်ရှင်များ ရိုက်ကူးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်း၊ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် လေကြောင်းခရီးဖြင့် လည်းကောင်း၊ မြန်မာ့မီးရထားဖြင့် လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း နေပြည်တော်သို့ ရောက်ရှိလာကြသည်။

အဆိုပါ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၊ နေပြည်တော်ဘူတာနှင့် တည်းခိုရေးစခန်းတို့၌ ကြိုဆိုကြပြီး ခေတ္တတည်းခိုမည့် အမှတ်(၇)တည်းခိုရေးစခန်းရှိ တည်းခိုဆောင် အသီးသီးသို့ ပို့ဆောင်နေရာချထားပေးကြသည်။ (သတင်းစဉ်)

မင်းပြားမြို့၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ရခိုင်ပြည်နယ် မင်းပြားမြို့ အောက်ရွာပိုင်းရပ်ကွက် အောင်သစ္စာလမ်းရှိ နေအိမ်တစ်အိမ်၏ မီးဖိုမီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းပြီး မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၁၅ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၅ စု အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း၊ မီးဘေးဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သင်တန်းဆင်းပွဲ တက်ရောက်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အငယ်တန်းအင်ဂျင်နီယာ(၂) လုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၇

အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၅ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသည့် အငယ်တန်းအင်ဂျင်နီယာ(၂) လုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရ အငယ်တန်း အင်ဂျင်နီယာသုံးဦးအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က သင်တန်းသားခေါင်းဆောင်ထံသို့ သင်တန်းဆင်းအောင် လက်မှတ်များကို ပေးအပ်သည်။ အဆိုပါ သင်တန်းသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၇၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင် အတွဲ(၃၇)၊ အမှတ်(၂)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ ဒေါက်တာကျော်စိန်၊ ဒေါက်တာခင်မောင်ညွှန့်၊ မောင်ပေါ်ထွန်း၊ တင်မောင်မြင့်၊ မြတ်ငြိမ်း၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ မြသိန်း၊ မောင်မြင့်ကြွယ်၊ အောင်ချိန်ဘွား၊ ဆောင်းဝင်းလတ်၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကေကေ(မဟာဝိဇ္ဇာ)၊ ကံမြင့်(ရေဒါ) သူတို့၏ ဘာသာပြန်ဆောင်းပါး၊ ဝတ္ထုနှင့် ကဗျာများပါဝင်သည်။

အဆိုပါ သုတပဒေသာစာစောင်တွင် လပေါ်မှာရေတွေ့ပြီ၊ ထူးခြားဆန်းကြယ် အံ့ဖွယ်ကျောက်စိမ်း၊ ထိန်းသိမ်းအပ်သော ဆေးဘက်ဆိုင်ရာ ပညာရှင်တို့၏ ကိုယ်ကျင့်သိက္ခာ၊ စကားပြောဆိုင်ရာ အလှည့်ယူခြင်း၊ ဗုဒ္ဓနည်းကျ သောက ကင်းဝေးနေနိုင်ရေး၊ ဘဏ္ဍာငွေဆိုင်ရာ စုံထောက်များ၊ ပျောက်ဆုံးသွားသော နီပေါ၏ သမီးပျိုလေးများ စသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် သုတ၊ ရသအကြောင်းအရာမျိုးစုံပါရှိသည်။

သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာပေအတွေ့အကြုံနှင့်စာကြည့်တိုက်များ တိုးပွားရေး စာပေဟောပြောပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာပေအတွေ့အကြုံနှင့် စာကြည့်တိုက်များ တိုးပွားရေးဆိုင်ရာ စာပေဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေ၊ ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးသန်းထွန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ စာပေပညာရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ အခြေခံ စာကြည့်တိုက် ပညာသင်တန်း(၁/၂၀၁၀) မှ သင်တန်းသား၊ သင်တန်းသူများနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ စာရေးဆရာမ ခင်ခင်ထူးက "ကျေးတောသူ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ နေဝင်းမြင့်က "စာပေထဲက ယဉ်ကျေးမှု"ခေါင်းစဉ်ဖြင့် လည်းကောင်း သုတ၊ရသ အဖြာဖြာတို့ကို ဟောပြောကြသည်။

ရုပ်သိမ်း

ထို့နောက် ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေက ကျေးဇူးတင်စကားပြောကြားပြီး စာရေးဆရာများအား ဂါရဝပြုလက်ဆောင်များကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(အပေါ်ပုံ) (သတင်းစဉ်)

မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။
(ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများ ချထားရာတွင် ကူညီဆောင်ရွက်ပါ။
(ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက်စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။
(ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။
(င) မိမိအိမ်မှစတင်ပြီး မီးမလောင်စေရေး၊ ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ထားပါ။
(စ) အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများကို အသင့်ထားရှိပါ။
(ဆ) မီးလောင်ကြောင်း အချက်ပေးနိုင်ရန်အတွက် သံချောင်း၊ အုန်းမောင်း၊ ကလတက်၊ ဖားစည်၊ မောင်း အစရှိသည့်ပစ္စည်းများ အသင့်ထားရှိပါ။
(ဇ) ပူပြင်းသောရာသီအချိန်များတွင် တဲအိမ်များ၌ မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲပါ။
(ဈ) အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားရှိပါ။
(ည) မီးသတ်ယာဉ်များ အစဉ်ကောင်းမွန်စေရေးအတွက် လှူဒါန်းပံ့ပိုးပေးကြပါ။

★ ကျောဖုံးမှ

အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က အခြေခံပညာအထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အခြေခံပညာအထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ခြင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် ကျောင်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် အခမ်းအနား အစီအစဉ်များကို ကျောင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မြန်မာ့ပညာရေးမျှော်မှန်းချက်ကို ချမှတ်ပြီး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းအတွက် စာရေးကိရိယာများ၊ ကွန်ပျူတာနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ ထို့နောက် ထုံးကြီးစံပြကျေးရွာ ဒေသခံပြည်သူများကိုယ်စား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းကို သံပြိုင်ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ခြင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

အဆိုပါ ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ မူလက အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်ဖြစ်ပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် နိုင်ငံတော်က အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ၌ ထုံးကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပစဉ်။

(သတင်းစဉ်)

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အထက(၁) တာမွေ မြတ်ဆရာပူဇော်ပွဲကိုဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းရှိ ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

နှစ်စဉ်ကန်တော့ပွဲသို့ တက်ရောက်ခဲ့ကြသောဆရာ ဆရာမကြီးများ၊ ၁၉၉၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၅၅)နှစ်ပြည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဒေါက်တာသိန်းစိုး ဖုန်း -၀၉-၅၀၂၂၄၁၂၊ ကိုသက်နိုင်၊ မမီမီစိုး ဖုန်း -၀၉-၅၁-၆၃၀၀၆၊ ကိုအောင်ကြည် ဖုန်း -၀၉-၅၀၁၃၃၂၂၊ မမြတ်မြတ်ခိုင် ဖုန်း -၅၄၀၃၄၂၊ မမာလာ ဖုန်း-၂၉၀၁၂၁၊ ကိုမောင်မောင်ကြည် ဖုန်း -၅၅၄၈၄၃၊ ကိုခင်မောင်သောင်း ဖုန်း-၀၉-၅၀၇၁၇၃၄၊ မမြင့်မြင့်ရီ ဖုန်း-၀၉-၅၀၁၉၁၅၈နှင့် မခင်ခင်သန်း ဖုန်း -၅၆၄၁၉၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပပြီး T-Home Electronics က ပံ့ပိုးပေးသည့် ၂၀၁၀ ခုနှစ် (၃၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမတွင် ကျင်းပလျက်ရှိရာ ပွဲစဉ်(၈)အပြီးတွင် ဇော်ဝင်းလေး (လယ်ယာ/ဆည်မြောင်း)နှင့် ကျော်ကျော်ဦး(သစ်တောရေးရာ)တို့က (၈)ပွဲ ခြောက်မှတ်ဖြင့် ဦးဆောင်လျက်ရှိပြီး မျိုးနိုင် (ပို့ဆောင်ရေး)၊ ဝင်းဇော်ထွန်း (လယ်ယာ/ဆည်မြောင်း)၊ ကျော်လင်းနိုင် (သစ်တောရေးရာ)၊ မျိုးကျော်လှိုင်(ပဲခူးတိုင်း)တို့က (၈)ပွဲ ၅ ဒသမ ၅ မှတ် ရရှိထားကြောင်း သိရသည်။ ဤပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမား ၁၆ ဦး ပါဝင်ပြီး တစ်ပတ် ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရခြင်းဖြစ်ရာ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

လှူဒါန်း

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အထက လှိုင်ရတနာခန်းမ၌ ဒီဇင်ဘာ ၂၀ ရက်က (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကိုယ်စား ဦးသိန်းရီ (ရိုးခွ)နှင့် ဦးသန်းမြင့်တို့ လှူဖွယ်ပစ္စည်းများ လှူဒါန်းကြစဉ်။

(၁၀၃)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ မြန်မာစာမြန်မာစကား
- ၄း၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၀ ၇။ စိုက်ပျိုးသုတ
- ၅း၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မုန်းမုန်းမေ့မေ့ (အပိုင်း-၄၇)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြည်နူးဖွယ်ရာပျိုကညာ (အပိုင်း-၁၀)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှေးဟောင်းသမိုင်း အထောက်အထားများ သုတေသန စာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၇

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုကော်မတီဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ခိုင်မာသည့်ရည်ရွယ်ချက်များချမှတ်ပြီး စာတမ်းဖတ်ပွဲများကျင်းပပေးခဲ့ရာ၌ ယခုစာတမ်းဖတ်ပွဲသည် (၁၄) ကြိမ်မြောက်ခဲ့ပြီ ဖြစ်ကြောင်း၊ ယခုကဲ့သို့ ယဉ်ကျေးမှုဝန်ကြီးဌာန အတွင်းတွင် စာတမ်းဖတ်ပွဲများ ကျင်းပခြင်းအားဖြင့် သုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်နိုင်သည့်အပြင် ဌာနအချင်းချင်း ပညာရပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းနိုင်သည်နှင့်အမျှ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး သုတေသနအမြင်ရှင်သန်တိုးတက်မှု၊ မြန်မာ့သမိုင်းကို အသစ်တွေ့ အထောက်အထားများနှင့် "တစ်ဆက်တစ်စပ်တည်းသောမြန်မာ့သမိုင်း ဖော်ထုတ်နိုင်မှု" စသည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း၊ ယခုကျင်းပသည့် စာတမ်းဖတ်ပွဲမှာ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရေးအတွက် အခြေခံကျသည့် လုပ်ငန်းစဉ်အဖြစ် အလေးအနက်ခံယူ၍ ထိထိရောက်ရောက် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် မှာကြားကာ စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖတ်ကြား

ထို့နောက်စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဒေါက်တာတိုးလှနှင့် အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်နှင့် ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်တို့က အလှည့်ကျသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး နံနက်ပိုင်းစာတမ်းဖတ်ပွဲတွင် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ ကထိက ဦးဝင်းကြိုင်က "အညာသား ကျောက်ခေတ်ခလေ့နယ်နိမိတ်တိုးချဲ့ခြင်း အထောက်အထားများ" စာတမ်းနှင့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)မှ ဒုတိယကျောင်းအုပ်ကြီး ဦးနိုင်ဝင်းက "၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဗိဿနိုးမြို့ဟောင်းတူးဖော်မှုမှ တွေ့ရှိခဲ့ရသော ယဉ်ကျေးမှု အထောက်အထားများကို လေ့လာသုံးသပ်ခြင်း" စာတမ်းတို့ကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင်ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန(မြောက်ပိုင်း)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေက "ဟန်လင်း ကြေးခေတ်နှင့်ကျောက်ချောခေတ်သုတေသန" စာတမ်းနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင်က "ပထမအကြိမ် ဝတီးမြို့ဟောင်း တူးဖော်မှု (၂၀၀၈-၂၀၀၉ ခုနှစ်)မှ ထူးခြားသော တွေ့ရှိချက် အထောက်အထားများ" စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ဖြည့်စွက်ဆွေးနွေး

စာတမ်းများနှင့် စပ်လျဉ်း၍ မြန်မာသမိုင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှေးဟောင်းသုတေသနပညာရှင်များနှင့် သုတေသီများက ဆွေးနွေးအကြံပြုမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ဝန်ကြီးက စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၆) ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အထက(၆) ဗိုလ်တထောင် (ယခင်စိန်ပေါလ်ကျောင်း)တွင် ၁၉၆၅ ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားသော ဆရာ၊ ဆရာမများအား ကျောင်းသားဟောင်းများ၏ (၁၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက်(တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ဘတ်စကက်ဘောအားကစားရုံ၌ကျင်းပမည်ဖြစ်ပြီး မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ် မိတ်ဆုံစားပွဲကိုလည်း ယင်းနေ့ညနေတွင် ကျင်းပရန်စီစဉ်ထားရာ ဆရာကြီး၊ ဆရာမကြီးများ ကိုယ်တိုင်အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများ (မည်သည့်နှစ် ကျောင်းသားမဆို) မပျက်မကွက် တက်ရောက် ကန်တော့ကြပါရန် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီက နှိုးဆော်ထားပြီး အလှူငွေထည့်ဝင်လိုသူများသည် ဦးသိန်းဆွေ ဖုန်း-၂၄၁၂၂၄၊ ဦးမောင်မောင်အေး ဖုန်း-၂၂၇၃၂၂၊ ဦးကျော်ဦးမြင့် ဖုန်း-၅၃၅၈၉၃၊ ၀၉-၈၀၂၀၅၆၅၊ ဦးမင်းထွန်း ဖုန်း-၀၉-၅၁၃၈၀၉၅၊ ဦးသက်ချိုဦး ဖုန်း-၀၉-၅၀၁၆၀၅၇၊ ဦးဝင်းလှိုင်ညွန့် ဖုန်း-၂၄၆၃၁၃၊ ဦးမြင့်ထွန်း (ကိုလတ်) ဖုန်း-၂၄၉၃၅၉၊ ၀၉-၅၁၀၀၇၅၁၊ ဦးခင်မောင်သန်း ဖုန်း-၂၅၄၇၅၀၊ ဦးတော်မီတင်ဦး ဖုန်း-၀၉-၅၁၁၄၇၃၀၊ ကိုတေဇာအောင်လွင် ဖုန်း-၀၉-၅၁၃၃၃၇၀၊ ကိုမြတ်မင်းစိုး ဖုန်း-၅၄၅၃၂၇နှင့် ကိုအောင်မြတ်သူ ဖုန်း-၃၈၅၆၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "စေတနာသုံးတန်"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၁၅)**
၈း၃၀ Premier League Highlight
၈း၅၅ Activities In The City [ရှုမဝဦးကျော် နှစ်(၁၀၀)ပြည့် ပန်းချီပြပွဲ]
၉း၁၅ မြို့ပြမြစ်ဘေးကသူ
၉း၃၀ Global Panorama
၁၀း၃၀ ၂၀၀၉-၂၀၁၀ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
၁၀း၅၅ International Show Biz
၁၁း၁၅ လေ့လာမှတ်သားစရာတိုင်းရင်းဆေးကုထုံးနည်းအဖြာဖြာ (အပ်စိုက်၊ ကြပ်ထုပ်၊ ပဥ္စကမ္မကုထုံး)
၁၁း၄၀ အဆင်းရော အချင်းပါ ပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်
၁၂း၀၅ စာအုပ်ပြခန်း ("စာအုပ်ကမ္ဘာ"ရေးသားသူ ဆရာဖေမြင့်နှင့်တွေ့ဆုံခြင်း)
၁၂း၃၀ Activities In The City (ရှစ်မျက်နှာရွှေရင်အေးစေတီတော် ရွှေထီးတော်တင်မင်္ဂလာ)
၁၂း၄၅ ပြည်ထောင်စုတေးအစီအစဉ်
၁း၀၀ "စေတနာသုံးတန်"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ ဘဝများ[ဇေယျာ (Uranium Dancer Performed)]
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၁၅)**
၄း၀၀ Activities In The City [ရှုမဝဦးကျော် နှစ်(၁၀၀)ပြည့် ပန်းချီပြပွဲ]
၄း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၄း၅၀ မြို့ပြမြစ်ဘေးကသူ
၅း၁၀ ၂၀၀၉-၂၀၁၀ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
၅း၃၀ Activities In The City (ရှစ်မျက်နှာရွှေရင်အေးစေတီတော် ရွှေထီးတော်တင်မင်္ဂလာ)
၅း၄၀ အနုပညာမိုးကောင်းကင်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၆း၅၀ International Show Biz
၇း၀၅ ၂၀၀၈ ခုနှစ်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
၈း၀၀ MRTV-4 သတင်း
၈း၃၅ ဘဝများ[ဇေယျာ(Uranium Dancer Performed)]
၉း၀၀ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၁၅)**
၁၀း၀၀ ၂၀၀၈ ခုနှစ်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
၁၀း၅၅ Music Talk(သီတာရတနာ)
၁၁း၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၁၁း၃၀ ငွေချည်(၆)ချည်မျှင်ရှည်ဝါ တိုးကာစိုက်ပျိုးပါ
၁၁း၅၅ ကျန်ရစ်ခဲ့သောခြင်ထောင်လေး တစ်လုံး(ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ-အကယ်ဒမီဆွေဇင်ထိုက်)
၁၂း၀၅ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁၂း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုအား ဇန်နဝါရီ ၂၉ ရက်က ကျိုင်းတုံမြို့မဈေးကြီး၌ ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးကြွယ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀ တွင် Nippon Paint သုတ်ဆေးများ ပါဝင်ပြသလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်မှ ၈ရက်အထိခင်းကျင်းပြသမည့် အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀တွင် Client Focus Technology Group Co., Ltd. (CFTG)က တင်သွင်းသော Energy Saving Products များ ဖြစ်သည့် Nippon Paint သုတ်ဆေးများ၊ MK နှင့် FYM Electrical Accessories များကို ခင်းကျင်းပြသသွားမည် ဖြစ်သည်။

Nippon Paint က Sola Reflect Paint ကို တစ်နှစ်ပတ်လုံး ပူပြင်းစွတ်စိုသော ရာသီဥတုရှိသည့် နိုင်ငံများအတွက် ရည်ရွယ်ထုတ်လုပ်ထားပြီးယင်းသုတ်ဆေးကို အဆောက်အအုံ၏ အပြင်ဘက်နံရံတွင် သုတ်ထားပါက အဆောက်အအုံ၏ အပူချိန်မှာ ပြင်ပအပူချိန်ထက် 5°C (40°F) အထိ လျော့နည်းစေပြီး အပူဒဏ်ကိုကာကွယ်ပေးနိုင်သည်။

ပူပြင်းသောနွေရာသီတွင် အေးမြသောအိမ်ဖြစ်စေရန် Sola Reflect Paint ကို သုတ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို လျော့နည်းသက်သာစေပြီး ငါးနှစ်အထိ up to 5°C အထိ အေးမြစေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ အရောင်မလွင့်ခြင်း၊ မှိုနှင့် ရေညှိတက်ခြင်းတို့မှ ကာကွယ်နိုင်ကာကျန်းမာရေးအတွက်အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများမပါဝင်ပေ။ ထို့အပြင် Industrial Coating (Epoxy, Heat Resistant Paint)၊ Marine Paint Decorative Paint တို့ကိုလည်း ပြသမည်ဖြစ်သည်။

MK Electrical Accessories ပြခန်းတွင် Ex-Or Innovatire Lighting Control Systems ကို မိတ်ဆက်ပြသထားပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုအား ၇၀ ရာခိုင်နှုန်းအထိ သက်သာစေကြောင်း သိရှိရသည်။

FYM Electrical Accessories ပြခန်းတွင် မီးခလုတ်အမျိုးမျိုး၊ Weathershield IP Related For Outdoor Use၊ Hotel သုံး Keycard Activated Energy Saving Unit များ အစရှိသည်တို့ကို ပြသသွားမည်ဖြစ်ပြီး 12 year Warranty Product များဖြစ်သည်။

အဆိုပါ ပစ္စည်းများကို Client Focus Technology Group Co., Ltd. (CFTG)အရောင်းပြခန်း အမှတ် (7D) ပြည်လမ်း (IBC အနီး) ၆ မိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၃၄၁၉၊ ၀၉-၈၆၁၁၀၁၀နှင့် ၀၉-၉၉၂၅၇၀၇ e.mail: cftg@myanmar. com.mm တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ။

မျက်မှောက်ကာလတွင် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော သိပ္ပံနှင့်နည်းပညာများကိုလေ့လာ ဘာသာရပ်အလိုက် စွမ်းဆောင်ရည်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရေး ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၇

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၃)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာ၌ ယနေ့မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအလိုက် လိုက်လျောညီထွေရှိမည့် အမျိုးသားရေးလမ်းကြောင်းများကို ရွေးချယ်ချမှတ်ပြီး ကဏ္ဍအသီးသီးတွင် အရှိန်အဟုန်နှင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြရာ ခေတ်မီနည်းပညာများ ပိုင်ဆိုင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားသည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ လုံလောက်စွာ ပြုစုပျိုးထောင်နိုင်မှုသည် အဓိကလိုအပ်ချက်တစ်ရပ်အဖြစ် သိမြင်ခံယူပြီး ကြိုးပမ်းလျက်ရှိကြောင်း။

ထို့ကြောင့် "မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်"ဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးအနှစ် (၃၀)နှစ်ရှည်စီမံကိန်းကို အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍနှစ်ရပ်လုံး၌ လုပ်ငန်းစဉ်များ ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအနေဖြင့် ခေတ်မီသတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများ အသုံးပြုကာ မျက်မှောက်ကာလတွင် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော သိပ္ပံနှင့်နည်းပညာများကို လေ့လာပြီး ဘာသာရပ်အလိုက် စွမ်းဆောင်ရည်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရေး ကြိုးပမ်းနေကြရမှာဖြစ်ကြောင်း၊ တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပင် နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများနှင့်အတူ ရင်ပေါင်တန်း လိုက်ပါနိုင်စေရေးအတွက် မိမိတို့၏တပည့်များကိုပါ နိုင်ငံတကာအဆင့်မီ အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်မှုများ ဖော်ဆောင်ပေးကြရမည့် အချိန်ကာလဖြစ်ကြောင်း။

ပညာရေးကို အခြေခံသည့် အနာဂတ်ကာလလူ့အဖွဲ့အစည်းတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းဆောင်မှုများကသာ ၂၁ ရာစု စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ရာ အဆင့်မြင့်ပညာကဏ္ဍတွင် တာဝန်ယူနေကြသော ဆရာ၊ ဆရာမများအနေဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များပီပီ ပညာရပ်ဆိုင်ရာ သုတေသနပြုစူးစမ်းရှာဖွေမှုရလဒ်များကို အသုံးချကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း၊ ပညာရှင်များအနေဖြင့် သက်ဆိုင်ရာပညာရပ်အလိုက် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့်အညီ လေ့လာတတ်မြောက်ကျွမ်းကျင်ရေး ကြိုးပမ်းရမှာ ဖြစ်သကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် လိုက်လျောညီထွေသည့် လက်တွေ့အသုံးချပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်သွားကြရန် လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် နည်းပညာရပ်ဆိုင်ရာများကို တတ်သိနားလည်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေစေရေး၊ အခြေခံပညာအဆင့်လိုက် သင်ယူပြီးမြောက်စေရေး၊ ကျောင်းပညာပြီးဆုံးအောင် ကျောင်းနေမှန်၊ ကျောင်းနေမြဲစေရေးဆိုသည့် အခြေခံပညာကဏ္ဍ ပညာရေးအစီအစဉ်များကို ဖော်ဆောင်ပေးခြင်း၊ အခြေခံပညာပြီးဆုံးသူများ အဆင့်မြင့်ပညာများကို လွယ်ကူစွာ ဆက်လက်သင်ယူနိုင်စေရန် ဒေသအလိုက် တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ပေးခြင်းဖြင့် နိုင်ငံ့အကျိုးပြု ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးတို့ကို မျှော်မှန်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထူထောင်နိုင်မည်

ယခုကဲ့သို့ မိမိတို့နိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ်များကို ခေတ်မီနည်းပညာရပ်များဖြင့် စနစ်တကျ ဖော်ထုတ်အသုံးချနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များကို အဆင့်မြင့်ပညာကဏ္ဍက ပြုစုပျိုးထောင်နိုင်သည်နှင့်အမျှ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ထူထောင်နိုင်မည် ဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍအပါအဝင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်း၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်-

- လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာ ကဏ္ဍ။
- နည်းပညာအသုံးပြုမှုဆိုင်ရာ ကဏ္ဍ။
- သုတေသနလုပ်ငန်းဆိုင်ရာ ကဏ္ဍ။
- စဉ်ဆက်မပြတ် သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာ ကဏ္ဍ။
- ပညာရည်အဆင့် မြှင့်တင်မှုဆိုင်ရာ ကဏ္ဍ။
- အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာကဏ္ဍဆိုသည့် ကဏ္ဍခြောက်ရပ်ပိုင်းခြားပြီး စနစ်တကျချမှတ်ဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားရေးလုပ်ငန်းတာဝန်များ၊ ပညာရေးစီမံခန့်ခွဲမှုတာဝန်များနှင့် မိမိတို့၏ ပညာရပ်အလိုက် သုတေနလုပ်ငန်းများ ဖော်ဆောင်ရာတွင် အမျိုးသားပညာရည်မြင့်မားရေး အဆင့်မြင့်ပညာကဏ္ဍ မျှော်မှန်းချက်များနှင့်အညီ ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် -

- အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ခေတ်မီနည်းပညာများကို အသုံးပြုပြီး ဘာသာရပ်အလိုက် စွမ်းဆောင်ရည်မြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြရန်။
- မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် လိုက်လျောညီထွေသည့် လက်တွေ့အသုံးချ ပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်သွားကြရန်။
- အမျိုးသားရေးအသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များနှင့်အတူ ထူးချွန်ထက်မြက်သော လူ့စွမ်းအား အရင်းအမြစ်များအဖြစ်မိမိတို့ကိုယ်တိုင်ရော၊ မျိုးဆက်သစ် ကျောင်းသား၊ကျောင်းသူများကိုပါလေ့ကျင့် ပျိုးထောင်ခြင်းဖြင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသားစံပြဆုရ ကျောင်းသားအမှတ် (ဒီ-၈၈)သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင် ဦးစီးဌာနမှ ကထိက ဦးဆန်းလွင်မိုး၊ သင်တန်းသူစံပြဆုရ ကျောင်းသားအမှတ် (ဘီ-၉၂)သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (မုံရွာ) မှနည်းပြ ဒေါ်ဝါဝါ၊ သင်တန်းသားဖွဲ့လုံ့လဆုရ ကျောင်းသားအမှတ် (ဒီ-၇၃) စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)မှ လက်ထောက်ကထိက ဦးစောထွန်းအောင်နှင့် သင်တန်းသူဇွဲလုံ့လဆုရ ကျောင်းသားအမှတ် (အေ-၈၈) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ခင်မမသိန်းတို့အားလည်းကောင်း၊ စံပြ အဆောင်ဆု ရရှိကြသည့် အမျိုးသားတပ်ခွဲ (၁) အဆောင်(၄)နှင့် အမျိုးသမီးတပ်ခွဲ(၁) အဆောင်(၆)တို့မှ သင်တန်းသား ခေါင်းဆောင်များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်များအား သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ကာ သင်တန်းဆင်း တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမ ၈၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သင်တန်းသူစံပြဆုရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မုံရွာ)မှ နည်းပြ ဒေါ်ဝါဝါအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ တတိယတန်း၌ ပထမဆုရ မကျော့ကေခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိမော် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀ SOSUCO TILE ကြွေပြားများ ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်မှ ၈ရက်အထိခင်းကျင်းပြသသည့် အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀တွင် FOCUS ENTERPRISE Co.,Ltd. မှတင်သွင်းဖြန့်ချိသည့် ထိုင်းနိုင်ငံ SOSUCO GROUP INDUSTRIES မှ ထုတ်လုပ်သည့် SOSUCO TILE အမှတ်တံဆိပ်နံရံကပ်ကြွေပြားများ၊ ကြမ်းခင်းကြွေပြားများ ကို ဒီဇိုင်းမျိုးစုံ၊ဆိုဒ်မျိုးစုံတို့ဖြင့် ခင်းကျင်းပြသထားသည်။

ကြမ်းခင်းကြွေပြားများတွင် ၁၆လက်မ × ၁၆လက်မဆိုဒ်၊၁၂လက်မ × ၁၂ လက်မဆိုဒ်၊ ၈လက်မ × ၈လက်မဆိုဒ်တို့ကိုလည်းကောင်း၊ နံရံကပ်ကြွေပြားများတွင် ၈လက်မ × ၁၂လက်မဆိုဒ်၊ ၈လက်မ × ၁၀လက်မဆိုဒ်၊၈လက်မ × ၈လက်မဆိုဒ်တို့ကိုလည်းကောင်း ဒီဇိုင်းမျိုးစုံ၊ ဆိုဒ်မျိုးစုံတို့ဖြင့် ခင်းကျင်းပြသထားသည်။ နေအိမ်၊ ရုံးခန်းနှင့် အဆောက်အအုံများရှိ ရေချိုးခန်း၊ မီးဖိုခန်း၊ သန့်စင်ခန်းတို့တွင် SOSUCO TILE အမှတ်တံဆိပ်ကြွေပြားများကို ခေတ်မီလှပခိုင်ခံ့စွာ ခင်းကျင်းအသုံးပြုနိုင်မည်ဖြစ်သည်။

ကြွေပြားများကို ပင်မအရောင်းဆိုင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းပြည်လမ်း အမှတ်(၂၃၈) (ရတနာပုံရုပ်ရှင်ရုံဘေး) ဖုန်း-၅၂၄၆၀၉၊ ၅၂၄၉၁၇၊ စော်ဘွားကြီးကုန်း ကျောက်စိမ်းလမ်း အမှတ်(၂) အဆောင်(၂၉) ဖုန်း-၆၄၂၁၇၁၊ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း (၁၆ကွေ့) အမှတ်(၁၈၆)ဖုန်း-၅၇၁၄၆၅၊ အင်းစိန်မြို့နယ် (၁၀)မိုင်ကုန်း လေဆိပ်အနီး ပြည်လမ်း အမှတ်(၁၄၃-၁၄၄-၁၄၅) ဖုန်း-၆၆၀၄၁၇ တို့သို့ ဆက်သွယ်မှာယူနိုင်ပြီး ပိတ်ရက်မရှိ အိမ်တိုင်ရာရောက်စနစ်ဖြင့် အခမဲ့ပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ (၆၃) နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၅၀ ၁၀။ မြောင်းမြမြို့ရဲ့ကျက်သရေဆောင် ကံကြီးတံတားက အလှုဂုဏ်ဆောင်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၁၅ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄း၂၅ ၄။ (၆၃) နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄း၄၀ ၅။ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်)
- ၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၅ ၈။ (၆၃) နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၄၅ ၉။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၄၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (အပိုင်း-၃၂)**
- ၇း၃၀ ၁၄။ "ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ" (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (အပိုင်း-၂၃)**
- ၁၉။ "သုခုမရင်ပြင်"
- ၂၀။ အစီအစဉ်ပြီး၏။

(၆၃)နှစ်မြောက်
ပြည်ထောင်စုနေ့
အကြိုဂုဏ်ပြု
သတင်းဆောင်းပါး

တောင်ဇလပ်ပန်းတို့အလယ် ဖွံ့ဖြိုးမှုအသွယ်သွယ်ဖြင့် တိုးတက်စည်ပင်နေသော ချင်းပြည်နယ်

သတင်းဆောင်းပါး
တင်ဝင်းလေး
(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ခင်မောင်ဝင်း
(ကြေးမုံ)
အဆင်အပြင် - တင်ထွန်းတာ

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၌ နှစ်ပေါင်း ၁၀၀ ကျော် သွေးခွဲအုပ်ချုပ်ခံခဲ့ရသည်။ ကိုလိုနီနယ်ချဲ့၏ ဆိုးမွေကြောင့် နှစ်ပေါင်း ၄၀ ကျော် ပြည်တွင်းမတည်ငြိမ်မှု ဒဏ်ရာဒဏ်ချက်များကို ခံစားခဲ့ရကာ တိုင်းပြည်ချွတ်ခြုံကျခဲ့ရသည်။ နိုင်ငံတစ်ဝန်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံ နိမ့်ကျခဲ့ရသည်။

ဤတွင် ခေတ်အဆက်ဆက် အရေးကြုံလေတိုင်း နိုင်ငံနှင့်ပြည်သူကို စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက် ကယ်တင်ခဲ့သော မြန်မာ့တပ်မတော်ကပင် အမိနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်မှုပြုခဲ့ရသည်။ ပြည်သူ၊ ပြည်သားအားလုံးမှာ အမိရင်ခွင်သို့ ပြန်လည်ရောက်ရှိလာသော သားသမီးကဲ့သို့ နှလုံးစိတ်ဝမ်းအေးချမ်းစွာ အေးချမ်းတည်ငြိမ်မှုနှင့် လုံခြုံမှုအပြည့်အဝ ပြန်လည်ရရှိလာခဲ့ကြသည်။

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ယူပြီးချိန်မှစ၍ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် နေ့မအား၊ ညမနား အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြားကို အလင်းလမ်းဆီသို့ လက်တွဲခေါ်ဆောင်နိုင်ခဲ့သည်။ ညီနောင်သွေးချင်းများ၏ စားဝတ်နေရေးကအစ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းဒေသဖြစ်ပြီး မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၀ မိနစ် နှင့် ၂၄ ဒီဂရီအကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ်နှင့် ၉၄ ဒီဂရီ ၀၉ မိနစ်အကြားတွင် တည်ရှိသည်။ ဧရိယာ စတုရန်းမိုင် ၁၃၉၀၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ ချင်းတိုင်းရင်းသားမျိုးနွယ်များနှင့် မြို၊ ခမိ၊ ဗမာတိုင်းရင်းသားများ အတူတကွ စုစည်းနေထိုင်ကြသော ပြည်နယ်တစ်ခုဖြစ်သည်။

တောတောင်ထူထပ်၍ မြေပြန့်အလွန်နည်းပါးသော ပြည်နယ်ဖြစ်သည်။ တောင်တန်းများသည် မြောက်မှ တောင်သို့ သွယ်တန်းလျက်ရှိပြီး တောင်တန်းများအကြား၌ မြစ်ဝှမ်း၊ ချိုင့်ဝှမ်းများ ဆက်နွယ်လျက်ရှိသည်။ ချင်းပြည်နယ်တွင် မဏိပူရမြစ်သည် အထင်ရှားဆုံးမြစ်ဖြစ်သည်။ အမြင့်ဆုံးတောင်ထိပ်မှာ ပေ ၁၀,၂၀၀ မြင့်သော ဝိတိုရိယတောင် (ခေါ်) ခေါ်နုဆွမ်တောင်ဖြစ်သည်။

ချင်းပြည်နယ်ကို ဖလမ်းခရိုင်နှင့် မင်းတပ်ခရိုင်ဟု ခရိုင်နှစ်ခု ခွဲခြားထားပြီး ဟားခါးမြို့မှာ အစိုးရရုံးစိုက်ရာမြို့ဖြစ်သည်။ ဖလမ်းခရိုင်တွင် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ကျီခါး၊ ရိဒ်မြို့နယ်များပါဝင်ပြီး မင်းတပ်ခရိုင်တွင် မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝ၊ မတူပီ၊ ရေဇွာမြို့နယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ရပ်ကွက်ကျေးရွာအုပ်စု ၄၇၁ အုပ်စုနှင့် ကျေးရွာ

ချင်းပြည်နယ်တွင် လက်ဖက်စိုက်ပျိုးရန် အလွန်သင့်လျော်သော မြေအမျိုးအစားနှင့် ရာသီဥတုကို သဘာဝက ပေးထားပြီးဖြစ်သည်။ ထို့ကြောင့် **“ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ် ဖြစ်ရမည်”** ဟူသော လမ်းညွှန်ချက်နှင့်အညီ ဒေသအဝန်း လက်ဖက်ကို အားသွန်ခွန်စိုက် စိုက်ပျိုးလာကြသည်။ ၂၀၀၉ ခုနှစ်ကုန်ထိ တောင်သူနှင့် ဌာနဆိုင်ရာ ပူးပေါင်း၍ လက်ဖက် ၂၀၁၉၆ ဧကကို စိုက်ပျိုးပြီးဖြစ်သည်။ ထို့အပြင် မွေးမြူရေးကဏ္ဍတွင် ယခင်က နွားနောက်ကို ရိုးရာဓလေ့အရသာ မွေးမြူကြပြီး ပွဲလမ်းသဘင်အခမ်းအနားများတွင်သာ အသုံးပြုခဲ့ကြသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ နွားနောက်များကို စီးပွားဖြစ် မွေးမြူလာကြရာ ပြည်နယ်အဝန်း နွားနောက်ကောင်ရေ ၆၅၀၃၀ တိုးချဲ့မွေးမြူလာနိုင်ခဲ့ပြီး ဖြစ်သည်။ တပ်မတော်အစိုးရလက်ထက်၌ စိုက်ပျိုးရေး၊ မွေးမြူရေး အခွင့်အလမ်းများ ပွင့်လင်းလာသည်နှင့်အမျှ ချင်းပြည်နယ်ဖွားတိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ အထွေထွေသည်လည်း ယခင်နှင့်မတူ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

ပညာရေး

နိုင်ငံတော်က ပညာရေးကဏ္ဍတွင် နှစ်တိုနှစ်ရှည် စီမံကိန်းများဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နှစ် ၃၀ စီမံကိန်းအရ ၂၁ ရာစုအတွင်း တိုးတက်ပြောင်းလဲလာမည့် နည်းပညာသစ်များ၊ ဆက်သွယ်ရေးပညာရပ်များနှင့်အတူ နိုင်ငံတကာအဆင့်မီ လူ့စွမ်းအားအရင်းအမြစ်များကို ဖော်ဆောင်ပေးလျက်ရှိသည်။ အမျိုးသားပညာရည်မြင့်မားရေး နှစ်တိုနှစ်ရှည်ပညာရေးစီမံကိန်းများ ရေးဆွဲဖော်ဆောင်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း အခြေခံပညာတတ်မြောက်စေရေး၊ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးကို ဦးတည်လျက် ပြည်နယ်၊ ပြည်မ တန်းတူရည်တူ ပညာသင်ယူခွင့်ရရှိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိနေသည်။

ထို့ကြောင့် ချင်းပြည်နယ်အတွင်း ပညာသင်ကြားလိုသူများ များပြားလာမှုကြောင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအားလုံးတွင် အထက်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းခွဲနှင့် မူလတန်းလွန်ကျောင်းများအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးထားရသည်။ ယခုအခါ ဒေသအတွင်း အခြေခံပညာကျောင်းပေါင်း ၁၅၉၀ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ပြည်နယ်တစ်ခွင်လုံး ပညာဆီမီးထိန်ထိန်ညီးလျက်ရှိသည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများကိုလည်း ချင်းပြည်နယ်အတွက် ပေါင်းစပ်ဆောင်ရွက်ပေးနေသည့် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် ပါဝင်သော စစ်ကိုင်းတိုင်း ကလေးခရိုင်နှင့် မုံရွာခရိုင်အတွင်းရှိ တက္ကသိုလ်များသည်လည်းကောင်း၊ ဆက်စပ်ဒေသဖြစ်သော မကွေးတိုင်းအတွင်းရှိ တက္ကသိုလ်များသည် လည်းကောင်း ပညာရည်နို့တိုက်ကျွေးရန် အသင့်ရှိနေပေပြီ။ ထို့ကြောင့် ဖလမ်းခရိုင်အတွင်းမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကလေးခရိုင်အတွင်းရှိ ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့်
စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ချင်းပြည်နယ် တီးတိန်မြို့ရှိ ဆက်သွယ်ရေး အဆောက်အအုံကို တွေ့ရစဉ်။



ကလေး-ဖလမ်း-ဟားခါးလမ်းကြောရှိ မဏိပူရမြစ်ပေါ်တွင် ဖြတ်ကျော်တည်ဆောက်ထားသော ဗားရိတ်တံတား။

အလယ်၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး အဆုံး အလုံးစုံ ဖြည့်ဆည်းပေးခဲ့သည်။

တိုင်းပြည်အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ပြည်နယ်နှင့်တိုင်း မခွဲခြားဘဲ ဆူကြုံနိမ့်မြင့် နည်းနိုင်သမျှ နည်းစေရန် ရည်ရွယ်၍ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄) ခုကို တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည်။ ထို့အပြင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသ ရေရရှိရေး၊ ပညာရေး အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ပေးနိုင်မှုကြောင့် ကျေးလက်မကျန်၊ နယ်စပ်မကျန် ပြည်နယ်နှင့် တိုင်းအားလုံး မျှတစွာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာသည်ကို တောင်ဇလပ်ပန်းတို့ ပွင့်လန်းရာမြေဖြစ်သော ချင်းတို့မြေ၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းများက သက်သေညွှန်းနေပါတော့သည်။

ပေါင်း ၁၃၈၉ ရွာ ရှိသည်။ လူဦးရေအားဖြင့် ငါးသိန်းလေးသောင်းကျော် ပေါင်းစုနေထိုင်ကြသည်။

စိုက်ပျိုးရေးနှင့် စီးပွားရေး

ချင်းပြည်နယ်သည် တောင်တန်းတောင်စွယ်ထူထပ်ပြီး မြေပြင်အနေအထားအရ အင်္ဂလိပ် အက္ခရာ(ဗွီ) သဏ္ဌာန် မြေနိမ့်ချိုင့်ဝှမ်းများဖြစ်သည်။ တောင်စောင်းများ၌ သီးနှံများကို စိုက်ပျိုးကြသည်။ တပ်မတော်အစိုးရလက်ထက် ၁၉၉၄ ခုနှစ် ဧပြီလ ၆ရက်နေ့တွင် ဖလမ်းမြို့နယ်၌ စိုက်ဧက ၅၀၀ အကျိုးပြုနိုင်မည့် လိုင်ဗားရေလှောင်တမံကို တည်ဆောက်ပေးနိုင်မှုကြောင့် လည်းကောင်း၊ ကျေးရွာများတွင် လျှိုပိတ်ဆည်များ တည်ဆောက်ပေးနိုင်မှုကြောင့် လည်းကောင်း၊ ကုန်းမြင့်လယ်ယာများ ဖော်ဆောင်ပေးမှုကြောင့် လည်းကောင်း စိုက်ပျိုးမြေဧရိယာ ၃၁၂၉၃၂ ဧကအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။ စပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံနှင့် အခြားအမည်စုံ သီးနှံများကို စိုက်ပျိုးနိုင်ခဲ့ကြပြီးဖြစ်ကြောင်း တွေ့မြင်နေရသည်။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၂၀၇၉၅၇	၃၁၂၉၃၂	၁၀၄၉၇၅
၂	ဆည်တမံ	ခု	၁၆	၃၇	၂၁
၃	ကြိုးဝိုင်းတော	စတုရန်းမိုင်	၆၀၅	၆၄၅. ၁၀	၄၀. ၁၀
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၃၈၆. ၄၁၁	၁၃၈၆. ၄၁၁
၅	ကားလမ်း	မိုင်	၆၉၅	၁၀၉၄. ၃	၃၉၉. ၃
၆	ပေ ၁၈၀ အထက်တံတား	စင်း	၂	၅	၃
၇	စာတိုက်စခန်း	ခု	၂၉	၅၀	၂၁
၈	ကြေးနန်းရုံး	ရုံး	၁၁	၂၄	၁၃
၉	တယ်လီဖုန်းရုံး	ရုံး	၈	၂၉	၂၁
၁၀	မိုက်ခရိုဝေ့စခန်း	ခု	-	၆	၆
၁၁	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၄	၁၇	၁၃
၁၂	ပုဂ္ဂလိကစက်ရုံ	ရုံ	၃၄၃	၅၄၀	၁၉၇
၁၃	အခြေခံပညာကျောင်း	ကျောင်း	၁၀၉၀	၁၅၉၀	၅၀၀
၁၄	စက်မှုလက်မှုသိပ္ပံကျောင်း	ကျောင်း	-	၁	၁
၁၅	ဆေးရုံ	ရုံ	၁၈	၂၄	၆

ဟားခါးမြို့တောင်ပေါ်ရှုခင်းမှ မြဝတီထပ်ဆင့်လွှင့် တာဝါတိုင်ကြီးအား တွေ့ရစဉ်။

❖ စာမျက်နှာ ၆ မှ

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဖွင့်လှစ်ပေးထားသော သင်တန်းကျောင်းများတွင် အလွယ်တကူ မပင်မပန်း ပညာဆည်းပူးနေကြသကဲ့သို့ မင်းတပ်ခရိုင်အတွင်းရှိ အဆင့်မြင့်ပညာဆည်းပူးလိုသူများအတွက်လည်း သွားလာရေးလွယ်ကူသော မကွေးတိုင်းအတွင်းရှိ ပခုက္ကူတက္ကသိုလ်၊ ကောလိပ်များတွင်လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသော အသက်မွေးဝမ်းကျောင်း ပညာရပ်များကိုလည်းကောင်း သင်ယူလျက်ရှိနေကြရာ ယခုအခါ ပြည်နယ်အတွင်းဝယ် ဘွဲ့ရပညာတတ်ဦးရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကာ ကိုယ့်အရပ်ကိုယ့်ဒေသများ၌ပင် ဆရာ၊ ဆရာမများအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လျက်ရှိနေကြပေပြီ။

ချင်းပြည်နယ် ဟားခါးမြို့၏ အနောက်ဘက် ဟားခါး-ဖလမ်းသွားကားလမ်း၏ အရှေ့ဘက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုသက်မွေးပညာဦးစီးဌာနကလည်း ဒေသအတွင်းရှိ လူငယ်များ လက်လှမ်းတမီ စက်မှုလက်မှုပညာများ သင်ကြားနိုင်ရန်အတွက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ဟားခါး)ကို မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ကျန်းမာရေး

လူတစ်ဦးတစ်ယောက်၏ အဓိကအလိုအပ်ဆုံးသောအရာမှာ ရောဂါကင်းရှင်းစွာ အသက်ရှည်ရာ အနာမဲ့ကြောင်း နေထိုင်နိုင်မှုပင် ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအနှံ့လွှမ်းခြုံကာ အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ၏ ကျန်းမာရေးကို အစဉ်ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသ၏ လိုအပ်ချက်နှင့်အညီ ဆေးရုံများကို အသစ်တည်ဆောက်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ကျေးလက်ဆေးပေးခန်းများ အသစ်ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားပေးခြင်း၊ ခေတ်မီရောဂါရှာဖွေမှု၊ ကုသမှုအထောက်အကူပြုကိရိယာများ ဖြည့်ဆည်းပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိအောင် ပံ့ပိုးဖြည့်ဆည်းပေးထားလျက်ရှိသည်။

သို့အတွက် ချင်းပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုကို ဤကဲ့သို့ တွေ့မြင်ခဲ့ရပါသည်။ ပြည်နယ်အတွင်းရှိ ဆေးရုံ ၂၄ ရုံ၊ တိုက်နယ်ဆေးရုံ ၁၄ ရုံတို့တွင် အထူးကုဆရာဝန်ကြီး ၈၃ ဦး၊ လက်ထောက်ဆရာဝန် ၁၉၇ ဦးနှင့် သူနာပြု ၁၃၀၀ ကျော်တို့က ကျန်းမာရေးဝန်ဆောင်မှုကို ထိရောက်စွာ ဆောင်ရွက်ပေးနေကြပြီဖြစ်သည်။

ချင်းပြည်နယ် တစ်ခုလုံးအနေဖြင့် ဟားခါးတွင် ခုတင် (၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတစ်ရုံ၊ မင်းတပ်မြို့တွင် ခုတင် (၁၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတစ်ရုံ၊ ဖလမ်းတွင် ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတစ်ရုံ၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များတွင် မြို့နယ်ဆေးရုံများအဖြစ် တည်ဆောက်ပေးထားကာ ကျေးလက်ပြည်သူများ၏ အနီးကပ်စောင့်ရှောက်မှုအတွက်ကိုလည်း ကျေးလက်ကျန်းမာရေးဌာန ၄၆ ခုကို ဖွင့်လှစ်ဖြည့်ဆည်းပေးထားပြီး ဖြစ်ကြောင်း တွေ့မြင်ခဲ့ရပါသည်။

ဒေသအတွင်း ကျန်းမာရေးမြှင့်တင်မှုအနေဖြင့် ဟားခါးမြို့ရှိ ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအား ခုတင်(၂၀၀) ဆံ့ ဆေးရုံကြီးအဖြစ်သို့ လည်းကောင်း၊ တီးတိန်မြို့ရှိ ခုတင်(၅၀)ဆံ့ ဆေးရုံအား ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ လည်းကောင်း တည်ဆောက်လျက်ရှိရာ မကြာမီသောကာလအတွင်း အောင်မြင်စွာ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင်လည်း ချင်းပြည်နယ်အား အခြားပြည်နယ်နှင့် တိုင်းကြီးများနည်းတူ အလေးထားဆောင်ရွက်ပေးမှုမှာ မျက်ဝါးထင်ထင်ပင်ဖြစ်သည်။

ဆက်သွယ်ရေး

ချင်းပြည်နယ်၏ တယ်လီဖုန်း ဆက်သွယ်ရေးကွန်ရက်မှာလည်း ပြည်ထောင်စုအတွင်း၌သာမက ကမ္ဘာ့အရှေ့ဖျား၊ အနောက်ဖျားသို့တိုင် ဆက်သွယ်အလှမ်းမီလျက်ရှိကြောင်းကို ပြည်နယ်၏ မြို့အသွယ်သွယ်မှ ဆက်သွယ်ရေးတာဝါတိုင်များက အထင်းသား ညွှန်းဆိုနေပါပြီ။

၂၀၀၈ ခုနှစ် မတ်လကစ၍ ဟားခါးမြို့တွင် G.S.M ဖုန်းများ စတင်အသုံးပြုလာနိုင်သကဲ့သို့ မင်းတပ်မြို့တွင်လည်း C.D.M.A 450 ဖုန်းများကို စတင်အသုံးပြုလျက်ရှိနေပြီ။ ၂၀၀၉ ခုနှစ် မတ်လတွင် အော်တိုအိတ်ချိန်း လိုင်းသစ်များကို မင်းတပ်၊ မတူပီ၊ ထန်တလန် သုံးမြို့တွင် တိုးချဲ့နိုင်ခဲ့ပြီး မြို့တွင်း၌လည်း အများပြည်သူသုံး P.C.O ဖုန်း ၇၅ လုံး ထားရှိပေးထားသည်ကို တွေ့ခဲ့ရသည်။

ချင်းပြည်နယ်၏ မြင့်မားသော တောင်အသွယ်သွယ်ထက်ဝယ် မြန်မာ့အသံ၊ မြဝတီရုပ်မြင်သံကြားထပ်ဆင့် ဖမ်းယူထုတ်လွှင့်သော တာဝါတိုင်ကြီးကို လွှင့်ထူပေးနိုင်မှုကြောင့် နယ်စပ်ဒေသ ကျေးလက်ငယ်ကလေးများကအစ အသိအမြင်အကြား ဗဟုသုတ ပိုမိုမြင့်မားလာသည်ကိုလည်း မည်သူမျှ မငြင်းနိုင်တော့ပါပေ။

အဆင့်မြှင့်တင်ဖောက်လုပ်ထားသည့် မင်းတပ်-မတူပီကားလမ်းပိုင်း တစ်နေရာကို ဤသို့ ပြန့်ပြူးပြေပြစ်စွာ တွေ့ရစဉ်။



လမ်းပန်းဆက်သွယ်ရေး

ဒေသအဝန်း အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ လမ်းတံတားတို့မှာ ပန်းများအလား တစ်ပွင့်ချင်း ဆင့်ကဲ ဆင့်ကဲ ပွင့်လာခဲ့ပေပြီ။ လမ်းပန်းဆက်သွယ်မှုများ ကောင်းလာသည်နှင့်အမျှ ဒေသသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လူမှုဘဝအထွေထွေတို့မှာ ယခင်ကာလများနှင့်လားလားမျှမတူညီ ဖွံ့ဖြိုးဝေစည်လာခဲ့ပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ဒေသအလိုက် အထူးဆောက်လုပ်ရေးအဖွဲ့များဖြင့် **"မြစ်ကိုမြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့"** ဟူသော ကြွေးကြော်သံနှင့်အညီ ချစ်ကြည်ရေးတံတားကြီးများ၊ ပြည်ထောင်စုလမ်းမကြီးများအပြင် ခရိုင်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများကြောင့် ပြည်ထောင်စုအတွင်း လမ်းကွန်ရက် အဖြာဖြာနှင့် တံတားအဖြာဖြာပေါ်မှ ဥဒဟို သွားလာနိုင်ကြပြီ ဖြစ်သည်။

ထို့အတူ ချင်းပြည်နယ်အတွင်းတွင်လည်း ယခင်အခါက ပေ ၁၈၀ အထက်တံတားကြီးဟူ၍ ချင်းပြည်နယ် မြောက်ပိုင်း တွန်းဇံမြို့နယ်တွင် ပေ ၂၇၀ ရှိ နတ်ဇန်တံတားနှင့် ချင်းပြည်နယ် တောင်ပိုင်း မတူပီမြို့နယ်တွင် ပေ ၂၄၀ ရှိ လည်မျိုတံတား နှစ်စင်းသာရှိခဲ့သည်။ ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုမှာ လမ်းမိုင် ၇၅၇ မိုင်သာရှိခဲ့ပြီး အများစုမှာ မြေသားလမ်းများသာ ဖြစ်ခဲ့သည်။ ထို့ကြောင့် **"အမြင်နီးလျက် ခရီးဝေးသည့်တောင်"** ပမာဆိုသကဲ့သို့ လာချင်ပါလျက် ခရီးက ခက်နေခဲ့ရသည်။

ယနေ့ကာလဝယ် ဒေသအတွင်း၌ မြို့တွင်းလမ်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကလည်းကောင်း၊ မြို့ပြင်လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက လည်းကောင်း တာဝန်ယူဆောင်ရွက်ပေးမှုကြောင့် ချင်းပြည်နယ်အတွင်း သွားလမ်းသာ၍ လာလမ်းများ ဖြောင့်ဖြောင့်ဖြူးဖြူး ရှိနေပေပြီ။

တီးတိန်မြို့နယ်အတွင်း ကပ်တဲလ်ရွာအနီး၌ တံတားအရှည် ၃၈၅ ပေ၊ အကျယ် ၁၄ ပေရှိသော ကပ်တဲလ်ဘေလီကြိုးတံတားကို ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ပေးခဲ့ပြီး ၂၀၀၂ခုနှစ် ဧပြီလ ၂၀ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် တီးတိန်မြို့နယ်အစပ်နှင့် ရိဒ်မြို့နယ်အစပ်ဖြစ်သော တီးတိန်-ရိဒ် ရေကန်သွားလမ်း၊ တီးတိန်နှင့် လိုင်တွီးတွင် ကြားခံနေသော မဏိပူရမြစ်အား ဖြတ်ကျော်၍ အရှည်ပေ ၄၆၀၊ အကျယ် ၁၄ ပေရှိသော သံမဏိသံပေါင် (ဘေလီကြိုးတံတား) မံဆောင်းတံတားကို ငွေကျပ် ၁၄၁၆ သိန်း အကုန်အကျခံကာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်တည်ဆောက်၍ ၂၀၀၅ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တစ်ဖန် ဖလမ်းမြို့နယ်အတွင်း၌ ကလေး၊ ဖလမ်း၊ ဟားခါးသွားလမ်းပေါ်ရှိ ရေစီးကြမ်းသော မဏိပူရမြစ်ပေါ်ဝယ် ဖြတ်သန်း၍ တံတားအရှည် ပေ၃၄၀၊ အကျယ် ၃၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေပါရှိသော ဗားရ်တံတားကို ငွေကျပ်သိန်း ၂၂၈၀ အကုန်အကျခံကာ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁ရက်နေ့တွင် စတင်တည်ဆောက်၍ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) တွင် ဒေသခံတို့အတွက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဒေသအတွင်း မြို့ပြင်လမ်းများအနေဖြင့် ကတ္တရာလမ်း ၂၈၆ မိုင် သုံးဖာလုံ၊ ကျောက်ခင်းလမ်း ၂၇၇ မိုင် ခုနှစ်ဖာလုံ၊ မြေသားလမ်းမိုင် ၄၈၀ နှင့် နှစ်ဖာလုံကိုလည်း ခင်းထားပေးနိုင်ခဲ့ပြီ ဖြစ်သည်။ မြေသားလမ်းမှသည် ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှသည် ကတ္တရာလမ်းအဖြစ် အဆင့်ဆင့် မြှင့်တင်ပေးလျက်ရှိခြင်းကြောင့် မြေသားလမ်း လက်ကျန် တဖြည်းဖြည်းဖြင့် နည်းလာခဲ့ပြီဖြစ်သည်။

ထို့အပြင် ချင်းပြည်နယ်အတွင်းရှိ အဓိကလမ်းမကြီး ငါးသွယ်ဖြစ်သည့် ကလေး-ဖလမ်း-ဟားခါး လမ်း ၁၂၄ မိုင်၊ ဂန့်ဂေါ-ဟားခါးလမ်း ၈၆ မိုင်၊ မင်းတပ်-

စက်မှုလက်မှုသိပ္ပံကျောင်း (ဟားခါး)ကို ဤသို့သပ်သပ်ရပ်ရပ် တွေ့ရစဉ်။

မတူပီ-ရေဇွာ-ဟားခါးလမ်း ၁၇၃ မိုင် သုံးဖာလုံ၊ သိုင်းငင်း-တီးတိန်ရိဒ်ခေါဒါရ်လမ်း ၅၇ မိုင် တစ်ဖာလုံ၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်း မိုင် ၈၀ တို့ကို ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ ၂၀၁၀ ခုနှစ်အတွင်း ၄၃ မိုင် ခုနစ်ဖာလုံ လမ်းသစ်ဖော်ဆောင်ခြင်းကို အထူးစီမံကိန်းတစ်ရပ်အဖြစ် ချမှတ်ကာ ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်အတွင်း လမ်းပန်းသွားလာမှု နေ့နေ့ညည အချိန်အခါမရွေး ပိုမိုလွယ်ကူ လျင်မြန်လာတော့မည် ဖြစ်ပေသည်။

ထို့ကြောင့် ယခုအခါ အခါလည်းသင့်၍ အခွင့်လည်းသာခဲ့ပြီဖြစ်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖြာဖြာတို့အား ချင်းပြည်နယ် အပါအဝင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး နယ်စပ်ဒေသပါမကျန် ခံစား၊ စံစားခွင့်ရနေကြပြီ အမှန်ပင်ဖြစ်ပါသည်။

ဤသို့ ကောင်းကျိုးအဖြာဖြာဖြင့် ခံစား၊ စံစားနေရခြင်းမှာ **" ပြည်နယ်၊ တိုင်း ၁၄ ခုလုံး၌ နေထိုင် လျက်ရှိသည့် တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမများဖြစ်ကြရာ တစ်ဦးချမ်းသာ၊ ကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာ၊ ကျန်းမာအောင် လုပ်ဆောင်ပေးနေကြောင်း၊ နိုင်ငံတော်အစိုးရသည် မိဘသဖွယ် မိမိ၏သွေးသားများ ဖြစ်သည့် တိုင်းရင်းသားများ ကောင်းစားရေး၊ ယင်းတို့၏ အနာဂတ်ကောင်းမွန်ရေးတို့အတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်လျက် ရှိကြသည့် မြန်မာတိုင်းရင်းသားများဖြစ်ရာ မည်သည့် တိုင်းရင်းသား သား၊ သမီးကိုမဆို သာစေ၊ နာစေ ဟူ၍ မရှိကြောင်း၊ သားသမီးအားလုံးကို ဆင်စီးမြင်းရံစေချင်သည်မှာ အမှန်ပင်ဖြစ်ကြောင်း"** ဟူ၍ ၂၀၀၂ ခုနှစ် ဧပြီလက ရှမ်းပြည်နယ် ခရီးစဉ်အတွင်း မိန့်ကြားခဲ့သော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ရင်တွင်းမှလာသည့် သစ္စာတရားအပေါ် မေတ္တာလောင်း၍ အကြင်နာနှင့် ပေါင်းစပ်ပေးခဲ့သော ကျေးဇူးရလဒ်များပင် ဖြစ်ပါကြောင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အား ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အထွေထွေဖြင့် သက်သေညွှန်းဆို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါတော့သည်။ ॥

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်စီမံကိန်း

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁။	လျှပ်စစ်စွမ်းအားတည်ဆောက်မည့်စီမံကိန်း လိုင်ဗားထပ်ဆင့်လွှတ်ရေအားလျှပ်စစ်စက်ရုံ	ဖလမ်းမြို့	၀.၇ မဂ္ဂါဝပ်
၂။	လမ်းပန်းဆက်သွယ်ရေး ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင် ဂန့်ဂေါ-ဟားခါးလမ်း ၈၆ မိုင် မင်းတပ်-မတူပီ-ရေဇွာ-ဟားခါးလမ်း ၁၇၃ မိုင် သုံးဖာလုံ သိုင်းငင်း-တီးတိန်-ရိဒ်ခေါဒါရ်လမ်း ၅၇ မိုင် တစ်ဖာလုံ တီးတိန်-တွန်းဇံ-ကျီခါးလမ်း မိုင် ၈၀	-	ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် မွမ်းမံ ဆောင်ရွက်ခြင်း
၃။	ပညာရေး အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း	တီးတိန်မြို့	ဖွင့်လှစ် ပေးမည်

(8-2)07.pmd 1 2/8/2010, 1:30 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး-

ခိုင်မြဲသော စုစည်းညီညွတ်မှုစွမ်းအားများ ပေါင်းစုကြစေသော်

ညွန့်ဦးစိုး

"ပြည်ထောင်စုသား ညီနောင်များ၊ ညီညွတ်ခြင်းသည် ဒို့အင်အား" ဆိုသည့်အတိုင်း အမိပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပြည်ထောင်စုသား သွေးချင်းညီနောင်များဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားများသည် ညီညွတ်မှုစွမ်းအားများဖြင့် သုခ၊ ဒုက္ခဟူသမျှကို မျှဝေခံစားကာ တစည်းတလုံးတည်း နေထိုင်လာခဲ့ကြသည်မှာ ရှေးနှစ်ပေါင်းများစွာကပင်ဖြစ်သည်။ ထိုသို့နေထိုင်ရာတွင် တစ်ဦးအပေါ်တစ်ဦး စာနာနားလည်မှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှုနှင့် မှီခိုအားထားယုံကြည်မှုတို့ဖြင့် ရှင်သန်ခိုင်မြဲသော စုစည်းညီညွတ်မှုစွမ်းအားများ ပေါင်းစု၍ ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာ့သမိုင်းစဉ်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် ပေါင်းစည်းညီညွတ်မှုများဖြင့် ပြည်ပရန်စွယ် အသွယ်သွယ်ကို လက်တွဲတွန်းလှန် ချေမှုန်းခဲ့ကြသည်။ ထို့ကြောင့် **"ပြည်ထောင်စု မြန်မာနိုင်ငံတော်"** ဟူ၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခဲ့ရသည်။ ထိုသို့ အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးအဖြစ် ထူထောင်နိုင်ခဲ့ခြင်းမှာ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှုများကြောင့် ရရှိသော ရလဒ်ကောင်းများဟု ပြဆိုအပ်သည်။ အပြန်အလှန်အားဖြင့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှု ခိုင်မြဲနေမှသာ ပြည်ထောင်စုကြီးသည် ကမ္ဘာ့အလယ်တွင် အစွန့်ရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။

တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလများနှင့် ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်သည့် ကာလများတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများမှာ လျော့ရဲခဲ့ရသည်ကို သမိုင်းစာမျက်နှာများက ဖော်ပြခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့သည် ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် လက်နက်အားကိုးဖြင့် ကျူးကျော်စစ်များဆင်နွှဲကာ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သဖြင့် မြန်မာတိုင်းရင်းသားများမှာ တိုင်းတစ်ပါး၏ ကျွန်ပြုအုပ်ချုပ်ခြင်းကို ခံခဲ့ရသည်။ နယ်ချဲ့တို့သည် ကြာရှည်စွာ ကျွန်ပြု အုပ်ချုပ်နိုင်ရန်အတွက် တောင်ပေါ်နှင့် မြေပြန့်ကို ခွဲခြားအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်တို့ကို ဖိနှိပ်ချိုးနှိမ်ခဲ့သည်။ တိုင်းရင်းသား ညီနောင်သားချင်းတို့အားလည်း အချင်းချင်း အထင်အမြင်လွဲမှားကာ တစ်ဦးပေါ်တစ်ဦး သံသယစိတ်ဝင်စေရန်အတွက် သပ်လျှိုသွေးခွဲခဲ့ကြသည်။

သို့ရာတွင် မြန်မာတိုင်းရင်းသားတို့က "အရေးကြီးလျှင် သွေးနီးသည်" ဆိုသည့်အတိုင်း အရေးကြုံလာ၍ သွေးဆုံပေါင်းစည်းကြကာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို ပြန်လည်တည်ဆောက်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရရှိရန် အဓိကအရေးကြီးသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေပြနိုင်ရန် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ တိုင်းရင်းသားခေါင်းဆောင်များ စုစည်း၍ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုအကျိုးဆက်ကြောင့်ပင် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ လွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်ဆိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ထည်စွာ ရပ်တည်နိုင်ခဲ့သည်။

နယ်ချဲ့တို့က ပြည်ထောင်စုကြီးကို အစိတ်စိတ်အမြွှာမြွှာ သွေးခွဲအုပ်ချုပ်ခဲ့ပြီး နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟစေရန်နှင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန် ဆောင်ရွက်ခဲ့ကြသည့် အကျိုးဆက်ကြောင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်သည်အထိ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရသည်။ ထို့နောက်ပိုင်း ပြည်ထောင်စုကြီးပြိုကွဲလုနီးအခြေအနေသို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ရပြီး ကိုလိုနီနယ်ချဲ့တို့ဖန်တီးခဲ့သည့် သမိုင်းကြောင်း ဆိုးမွေများကို ယနေ့ထက်ထိတိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်သည်။ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နိုင်ခြင်းမရှိဖြစ်ကာ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည်။

ယနေ့ကာလတွင်လည်း နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော နိုင်ငံကြီးတချို့သည် ထိုနိုင်ငံအတွင်း နေထိုင်ကြသော လူမျိုးစုများကို စည်းလုံးညီညွတ်မှု ပျက်ပြားစေရန်နှင့် ပဋိပက္ခများဖြစ်ပေါ်စေရန် လူမျိုးရေး သွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေသကဲ့သို့ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ ကြန့်ကြာနှောင့်နှေးစေရန် စီးပွားရေးပိတ်ဆို့မှုနှင့် နိုင်ငံရေးအရ သွေးထိုးလှုံ့ဆော်မှုများဖြင့် စွက်ဖက်မှုအမျိုးမျိုးကို လုပ်ဆောင်လျက်ရှိကြသည်။ ဤသ[...]
အဖြစ်ဆိုးများနှင့် ကြုံတွေ့နေ[...]
အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံမျ[...]
နိုင်သည်။ ထိုနိုင်ငံများသည် အချ[...]
ဖြစ်ကြသော်လည်း နိုင်ငံအတွင်[...]
မစည်းလုံးမှု၊ လူမျိုးစုကွဲပြားမှု၊ [...]
လူနည်းစု လူများစု ခြားနားမှု၊ အ[...]
ကွာဟမှု စသည့် အင်အားမညီမျှမှု[...]
တစ်မြေတည်းနေ တစ်ရေတည်း[...]
တိုက်ခိုက်သတ်ဖြတ်၍ သေကျေ[...]
ဒုက္ခလက်ငင်းခံစားနေကြရသည်။ [...]
လူမျိုးစုအချင်းချင်း ချစ်ခင်စည်း[...]
လည်းကောင်း၊ ပြင်းထန်သော [...]
လည်းကောင်း တစ်နိုင်ငံလုံးပြိုကွဲရ[...]
နေရခြင်းပင် ဖြစ်သည်။

**ယနေ့ မိမိတို့နိုင်ငံတွင် နိုင်[...]
ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသ[...]
ရေး၊ အချုပ်အခြာအာဏာ တ[...]
ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်[...]
အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး [...]
ညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး [...]
အလေးပေးဆောင်ရွက်ခဲ့ပါသည်[...]
အခိုင်အမာရပ်တည်ပြီး အမျိုးသ[...]
ရေးကို စိတ်ရှည်လက်ရှည်ဖြင့် ပြန်[...]
သည်။ ထို့အတွက်ကြောင့် တိုင်းရ[...]
များအကြား ဖြစ်ပွားခဲ့ကြသော လ[...]**

ယခုအချိန်တွင် မြန်မာပြည်ထောင်စုကြီး၌ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ တန်းတူညီမျှဖွံ့ဖြိုးမှု၊ ရင်းနှီးချစ်ကြည် ကူးလူးဆက်ဆံမှုများဖြင့် ထာဝရ ချစ်ကြည်စည်းလုံးစွာ လက်တွဲနေနိုင်ကြပြီဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုကြီး အစွန့်ရှည်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည့် နိုင်ငံရေးအရ တန်းတူညီမျှ အခွင့်အရေးများကို တိုင်းရင်းသားညီနောင်များအား ပေးအပ်နိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီးကိုလည်း ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံ အတည်ပြုခဲ့ကြပြီးဖြစ်၍ များမကြာမီကာလအတွင်း ပါတီစုံရွေးကောက်ပွဲများ ကျင်းပပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ အရှိန်အဟုန်မပျက် လျှောက်လှမ်းပုံဖော်နိုင်တော့မည်။

ထို့ကြောင့် ရှေ့ဆက်သွားမည့် နိုင်ငံတော်၏ အနာဂတ်ခရီးလမ်းမှာ အလှမ်းမဝေးတော့ပြီဖြစ်ကြောင်း တွေ့မြင်နိုင်။

တွဲလက်ညီညီ

မြန်မာပြည်ဖွား ညီနောင်မျ[...]
စိတ်ထားညီစွာ ဆိုသစ္စာဖြ[...]
ကမ္ဘာတည်အောင် ဤလူ[...]
ပြည်ထောင်တစ်စု တည်[...]
တောင်းဆုညီတူ အောင်ပန်[...]
ကြည်ဖြူစိတ်ညီ မိုးမြင့်ချီ[...]
ချစ်ကြည်တိုင်းရင်း မွှေးကြိ[...]
ရန့်တူဆောင် ပြည်ထောင်[...]
ကယား၊ ကချင်
ကရင်၊ မွန်၊ ရှမ်း ချစ်ကျွမ်း[...]
ပြိုင်ဆိုင်မှုကင်း ချင်းနှင့် ဗ[...]
တွဲကာညီညီ အားမာန်ချီ၍[...]
ပန်းသီပုံထား စည်းလုံးအား[...]
ဘယ်သူခွဲခွဲ ဒို့မကွဲဘဲ
အမြဲယှဉ်တူ အောင်ပွဲယူခဲ့[...]
ရန်ပူအရှုပ် ပြည့်ဂုဏ်ယုတ်[...]
အငုတ်မကျန် အောင်ပွဲခံ[...]
တွန်းလှန်ဖြိုဖျက် ပန်းတိုင်[...]
တူလှမ်းချီအံ့ - - -
မြန်ပြည်တစ်ခွင် သာစေ[...]
သာယာရွှေပြည် ငြိမ်းစေ[...]
တောင်းဆုခြွေသီ ညီနောင်[...]
ပြည်ထောင်စုနေ့ ဆုမွန်[...]

(၆၃)နှစ်မြောက် ပြည်ထောင်စု[...]

တွဲလက်ညီညီ အားမာန်ချီ

မြန်မာပြည်ဖွား ညီနောင်များတို့
စိတ်ထားညီစွာ ဆိုသစ္စာဖြင့်
ကမ္ဘာတည်အောင် ဤလူ့ဘောင်ဝယ်
ပြည်ထောင်တစ်စု တည်ထောင်ပြုလျက်
တောင်းဆုညီတူ အောင်ပန်းယူ၍
ကြည်ဖြူစိတ်ညီ မိုးမြင့်ချီလျက်
ချစ်ကြည်တိုင်းရင်း မွေးကြိုင်သင်းပျံ့
ရနံ့တူဆောင် ပြည်ထောင်စုဖွား
ကယား၊ ကချင်
ကရင်၊ မွန်၊ ရှမ်း ချစ်ကျွမ်းရခိုင်
ပြိုင်ဆိုင်မှုကင်း ချင်းနှင့် ဗမာ
တွဲကာညီညီ အားမာန်ချီ၍
ပန်းသီပုံထား စည်းလုံးအားယူ
ဘယ်သူခွဲခွဲ ဒို့မကွဲဘဲ
အမြဲယှဉ်တူ အောင်ပွဲယူခဲ့
ရန်ပူအရှုပ် ပြည့်ဂုဏ်ယုတ်က
အငုတ်မကျန် အောင်ပွဲခံထိ
တွန်းလှန်ဖြိုဖျက် ပန်းတိုင်ထက်ဆီ
တူလှမ်းချီအံ့ - - -
မြန်ပြည်တစ်ခွင် သာစေကြောင်း၊
သာယာရွှေပြည် ငြိမ်းစေကြောင်း။
တောင်းဆုခြွေသီ ညီနောင်ပေါင်း။
ပြည်ထောင်စုနေ့ ဆုမွန်ကောင်း။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဝတ်ရည်ခင်(ပဲခူး)

လုပ်ဆောင်လျက်ရှိကြသည်။ ဤသည်ကို မျက်မှောက်ကာလတွင် အဖြစ်ဆိုးများနှင့် ကြုံတွေ့နေကြသည့် နိုင်ငံများဖြစ်သော အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံများကို သာဓကအဖြစ် တွေ့မြင်နိုင်သည်။ ထိုနိုင်ငံများသည် အချုပ်အခြာအာဏာပိုင်နိုင်ငံများ ဖြစ်ကြသော်လည်း နိုင်ငံအတွင်းရှိ နိုင်ငံသားအချင်းချင်း မစည်းလုံးမှု၊ လူမျိုးစုကွဲပြားမှု၊ ဘာသာအယူဝါဒကွဲပြားမှု၊ လူနည်းစု လူများစု ခြားနားမှု၊ အာဏာရှိခြင်း အာဏာမဲ့ခြင်း ကွာဟမှု စသည့် အင်အားမညီမျှမှု အကြောင်းတရားများကြောင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်သူများ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်၍ သေကျေကြသည့် အနိဋ္ဌာရုံများကို ဒိဋ္ဌလက်ငင်းခံစားနေကြရသည်။ ဤသည်မှာ တိုင်းရင်းသား လူမျိုးစုအချင်းချင်း ချစ်ခင်စည်းလုံးမှု ကင်းမဲ့သောကြောင့် လည်းကောင်း၊ ပြင်းထန်သော အာဃာတတရားများကြောင့် လည်းကောင်း တစ်နိုင်ငံလုံးပြိုကွဲရမည့်အခြေအနေသို့ ရောက်ရှိနေရခြင်းပင် ဖြစ်သည်။

ယနေ့ မိမိတို့နိုင်ငံတွင် နိုင်ငံတော်အစိုးရသည် "ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဆိုသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိသည့် အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးကို အလေးပေးဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားရေးဝါဒအပေါ် အခိုင်အမာရပ်တည်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို စိတ်ရှည်လက်ရှည်ဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့ကြသည်။ ထို့အတွက်ကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ဖြစ်ပွားခဲ့ကြသော လက်နက်ကိုင် ပဋိပက္ခများကို



ချုပ်ငြိမ်းစေနိုင်ခဲ့သည်။ ထို့အပြင် နယ်စပ်ဒေသများ၌လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် တည်ငြိမ်အေးချမ်းမှုများနှင့် ငြိမ်းချမ်းသာယာမှုများရရှိအောင် တည်ဆောက်ဖော်ဆောင်နိုင်ခဲ့သည်။

ထိုသို့တည်ဆောက်ဖော်ဆောင်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံလုပ်ငန်းများကို စနစ်တကျ မြှင့်တင်ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများကို ပြည့်ဝအောင် ဖြည့်ဆည်းပေးခဲ့သည်။ ငြိမ်းချမ်းလာသော နယ်မြေများတွင် လမ်း၊ တံတား၊ ဆည်မြောင်း၊ ရေအားလျှပ်စစ် စသော စီးပွားရေးအခြေခံကောင်းများ၊ စိုက်ပျိုးမွေးမြူရေး နည်းပညာများနှင့် အထောက်အပံ့များ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ရုပ်မြင်သံကြားလွှင့်စက်များ၊ တယ်လီဖုန်းဆက်သွယ်ရေးတို့မှစ၍ ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်၍ အထူးစီမံကိန်းများဖြင့် ဖော်ဆောင်ကာ ငွေကြေးများစွာ သုံးစွဲဆောင်ရွက်ပေးခဲ့သည်။

ယခုအချိန်တွင် မြန်မာပြည်ထောင်စုကြီး၌ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ တန်းတူညီမျှဖွံ့ဖြိုးမှု၊ ရင်းနှီးချစ်ကြည် ကူးလူးဆက်ဆံမှုများဖြင့် ထာဝရချစ်ကြည်စည်းလုံးစွာ လက်တွဲနေနိုင်ကြပြီဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုကြီး အဓွန့်ရှည်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည့် နိုင်ငံရေးအရ တန်းတူညီမျှ အခွင့်အရေးများကို တိုင်းရင်းသားညီနောင်များအား ပေးအပ်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးကိုလည်း ပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ကြပြီးဖြစ်၍ များမကြာမီကာလအတွင်း ပါတီစုံ ရွေးကောက်ပွဲများကျင်းပပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ အရှိန်အဟုန်မပျက် လျှောက်လှမ်းပုံဖော်နိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် ရှေ့ဆက်သွားမည့် နိုင်ငံတော်၏ အနာဂတ်ခရီးလမ်းမှာ အလှမ်းမဝေးတော့ပြီဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

သို့ပါ၍ နိုင်ငံတော်ကြီးကို ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် အဓွန့်ရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရန်အတွက် မကြုံစဖူး ထူးကဲစွာ ရရှိပြီးဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အမျိုးသားရေးအသိဖြင့် ဆက်ခံကာကွယ်ထိန်းသိမ်းကြရပါမည်။ မည်သို့သော အနှောင့်အယှက်၊ အဖျက်အန္တရာယ်များနှင့် ဆူးငြောင့်ခလုတ်များ ရှိနေစေကာမူ တိုင်းရင်းသားညီနောင်များ၏ ခိုင်မြဲသော ပြည်ထောင်စုစိတ်ထားဖြင့် တွန်းလှန်ဖယ်ရှား ကြရပါမည်။ ပြည်ထောင်စုဖွားညီနောင်များ၏ ရှင်သန်ခိုင်မာသော စုစည်းမှုစွမ်းအား၊ ညီညွတ်မှုအင်အားများနှင့်အတူ နိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိမျက်မှောက်ပြုနိုင်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနိုင်ရေးအတွက် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါစို့ဟု ဆန္ဒပြုရင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

ဒို့ပြည်ထောင်စုလှေ

* လှေတစ်စင်းဖြင့်
ဆွေရင်းမိတ်ပေါင်း၊ သူရဲကောင်းတို့
အဲမောင်းလုံ့ဓား၊ ငွေမာန်ဖွားကာ
ရန်များကွေရှင်း၊ ဒို့လှေခွင်းအံ့
လေပြင်းဟည်းတိုက်၊ လှိုင်းကြီးရိုက်စေ
အားစိုက်လှော်ဟေ့၊ ငါတို့ရှေ့မှာ
တွေ့လာပန်းတိုင်၊ တူလှမ်းကိုင်စို့. . . .။
* မြစ်ဖျားရော၊ သားသည်းချာတွေ
ကြီးပါပေအား၊ ရှာမှရှားခဲ့။
* ငွေတောင်ပြည်မွေး၊ ဇာနည်သွေးတွေ
ပြည်ရေး ရှေးရှု၊ အားမာန်ထုနှင့်။
* ငွဲကပင်မြေဖွား၊ သားသမီးများလေ
အတားဆီးမခြား၊ အားကြီးမားခဲ့။
* တောင်ဇလပ်ပန်းနွယ်၊ ရဲစွမ်းထည်ဝါ
ရန်စွယ်တူရှင်း၊ အားမာန်တင်းကြ. . . .။
* ရာမညအသည်း၊ အာဂနွဲ့တွေ
ခိုင်မြဲသတ္တိ၊ မျိုးဂုဏ်ပြည့်ခဲ့။
* ကမ်းရိုးတန်းနေ၊ ရခိုင်ဆွေတို့
ညီစေပေါင်းစည်း၊ အားမာန်ကြီးခဲ့။
* ကမ္ဘောဇသွေး၊ နီနီစွေးနေ
ပြည်ရေးတိုင်းသိ၊ သမိုင်းရှိခဲ့။
* ပြည်ထောင်စုဖွား၊ လှေလှော်သားတို့
မော်ကြွားလက်တွဲ၊ လှော်တက်ဆွဲကြ
ခက်ခဲကြုံတိုင်း၊ ပေါင်းဆုံဝိုင်းကူ
သမိုင်းရေစီး၊ လှိုင်းလေကြီးစေ
မီးပင်လယ်သော်၊ ဒို့ဖြတ်ကျော်မယ်။
* ပျော်ရွှင်ဆက်လှမ်း၊ တက်တစ်ကမ်းမှာ
လက်လှမ်းကိုင်ဟေ့၊ ပန်းတိုင်တွေ့မြင်
ခိုင်ပေ့ချစ်ကြည်၊ စိတ်ဓာတ်ညီဆောင်
"ပြည်ထောင်စုလှေ"၊ အောင်ပွဲပေတည့်
ဒို့တွေရေရှည်၊ စည်းလုံးညီလို့
ရည်မှန်းချက်မူ၊ ပန်းတိုင်တူလို့
ဘယ်သူခွဲခွဲ၊ ဒို့မကွဲကြ
ခိုင်မြဲမိဋ္ဌာန်၊ ရာသက်ပန်မို့
အားမာန်ခိုင်ဖြိုး၊ သည်ခရီးကောင်း
ရေစီးကြောင်းမှာ၊ ရွှေထီးဆောင်းနိုင်ခဲ့တကား။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ပျဉ်းမနားမြင့်လှိုင်

လိုအပ်ချက်

ကာတွန်း - ရဲထက်

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ သမ္မတအိမ်တော်၌ အီဂျစ်သမ္မတ ဟော့စ်နီမူဘာရက်(ယာ)နှင့် ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်တို့ တွေ့ဆုံဆွေးနွေးနေသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မူဘာရက်နှင့် အဘတ်စ် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဆွေးနွေး

ကိုင်ရို ဖေဖော်ဝါရီ ၇

အီဂျစ်သမ္မတမူဘာရက်သည် ကိုင်ရိုမြို့သို့ အလည်အပတ် ရောက်ရှိနေသော ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် စနေနေ့တွင် တွေ့ဆုံဆွေးနွေး၍ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

ပါလက်စတိုင်း အုပ်စုများအကြား ပြန်လည် သင့်မြတ်ရေးကိုလည်း ခေါင်းဆောင် နှစ်ဦးဆွေးနွေးခဲ့ကြသည်။

ဆောင်ရွက်မည်

မူဘာရက်နှင့် တွေ့ဆုံဆွေးနွေးအပြီး ကြေညာချက်ထုတ်ပြန်ရာတွင် ပါလက်စတိုင်းအမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲကို အီဂျစ်နိုင်ငံတွင် စတင်ခဲ့၍ အီဂျစ်မှာပင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်နှင့် သက်ဆိုင်သော သဘောတူညီချက်များကို အီဂျစ်မှာပင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အဘတ်စ်က ပြောကြားသည်။

ပါလက်စတိုင်း အုပ်စုများအကြား ရင်ကြားစေ့ရန် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဆွေးနွေးပွဲ ခုနစ်ကြိမ်ကို အီဂျစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့သည်။

တိုက်တွန်းထား

ပါလက်စတိုင်း အုပ်စုများအကြား အကွဲအပြဲကို အဆုံးသတ်စေရန်အလို့ငှာ စာမျက်နှာ ၂၅ မျက်နှာပါ ပြန်လည်သင့်မြတ်ရေး သဘောတူညီချက်အတွက် အီဂျစ်က အဆိုပြုခဲ့ပြီး အောက်တိုဘာလတွင် သဘောတူလက်မှတ် ရေးထိုးကြရန် တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်အလယ်ပိုင်းမှ အနောက်ပိုင်းဒေသသို့ မြန်နှုန်းမြင့်ရထား စတင်ပြေးဆွဲ

ရှီအန်း ဖေဖော်ဝါရီ ၇

တရုတ်နိုင်ငံ အလယ်ပိုင်းရှိ ကျန်းကျိုးမြို့နှင့် အနောက်မြောက်ပိုင်းရှိ ရှီအန်းမြို့တို့ကို ဆက်သွယ်ထားသော ရထားလမ်း၌ ဖေဖော်ဝါရီ ၆ ရက်က မြန်နှုန်းမြင့်ရထား စတင်ပြေးဆွဲခဲ့သည်။

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့ကို ဆက်သွယ်ထားသော ၅၀၅ ကီလိုမီတာရှိ ကျန်းကျိုး-ရှီအန်း မြန်နှုန်းမြင့် ရထားသည် ယခင်က ၆ နာရီကျော်ကြာ ခုတ်မောင်းသည့်ခရီးကို နှစ်နာရီကျော်သာကြာမြင့်မည် ဖြစ်ကြောင်း ရထားတာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

အဆိုပါ ရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ နှုန်းဖြင့် မောင်းနှင်ပြီး ကျန်းကျိုးနှင့် ရှီအန်းမြို့နှစ်မြို့အကြား နေ့စဉ် ရထား ၁၄ စင်း ပြေးဆွဲမည်ဟု ဆိုသည်။

ကျန်းကျိုးမြို့မှ နံနက် ၁၁ နာရီ ၂၅ မိနစ်၌ ထွက်ခွာပြီး မွန်းလွဲ ၂ နာရီ ၀၁ မိနစ်တွင် ရှီအန်းမြို့သို့ ရောက်ရှိမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် စက်တင်ဘာလမှ မြန်နှုန်းမြင့်ရထားလမ်း စတင်ဖောက်လုပ်ခဲ့ပြီး ယွမ်ငွေ ၃၅ ဒသမ ၃၁ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၇ ဘီလီယံ) ကုန်ကျခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ခုတ်မောင်း

တရုတ်နိုင်ငံ ကျန်းကျိုးမြို့မှ ရှီအန်းမြို့သို့ မြန်နှုန်းမြင့်ရထား ခုတ်မောင်းလာသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ပြန်ပေးဆွဲခံရသော အမေရိကန်နိုင်ငံသားကို ထုတ်လွှင့်ပြသ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၇

အီရတ်နိုင်ငံရှိ ရှီးယိုက်စစ်သွေးကြွအုပ်စုတစ်စုက ပြန်ပေးဆွဲထားသော အမေရိကန်နိုင်ငံသားတစ်ဦးကို အင်တာနက်ဗီဒီယိုမှ စနေနေ့တွင် ထုတ်လွှင့်ပြသခဲ့သည်။ ၎င်းသည် ပျောက်ဆုံးနေသော ကန်ထရိုက်တာတစ်ဦး ဖြစ်ဟန်ရှိသည်။

ပျောက်ဆုံးနေ

အမေရိကန် ကန်ထရိုက်တာအစ်ဆာ တီဆာလိုမီ အသက် (၆၀)သည် ဇန်နဝါရီ ၂၃ ရက်က ဘဂ္ဂဒက်မြို့၌ ပျောက်ဆုံးခဲ့ပြီး ၎င်းကိုရှာဖွေလျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားခဲ့သည်။ အသေးစိတ်ကိုမူ ပြောကြားခြင်းမပြုပေ။

စနေနေ့တွင် ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်က ဆာလိုမီပျောက်ဆုံးကြောင်းကို အတည်ပြုသော်လည်း သတင်းထပ်မံထုတ်ပြန်ခြင်းမပြုခဲ့ပေ။

တောင်းဆို

သူ့ကိုယ်သူ မည်သူမည်ဝါဖြစ်ကြောင်း မိတ်ဆက်ပြောကြားခြင်း မပြုသည့် ဗီဒီယိုထဲမှ ပုဂ္ဂိုလ်က ၎င်းကို ပြန်ပေးဆွဲသော အမှန်တရား ဘက်တော်သားများအဖွဲ့သည် ဖမ်းဆီးထားသောစစ်သွေးကြွများအား ပြန်လွှတ်ပေးရန်နှင့် ၂၀၀၇ ခုနှစ်က ဘဂ္ဂဒက်မြို့၌ အီရတ်နိုင်ငံသား ၁၇ဦးကိုပစ်သတ်ခဲ့သော ဘလက်ဝါးတား ကန်ထရိုက်တာများကို တရားစွဲဆိုရန် တောင်းဆိုကြောင်း ပြောဆိုသည်။

ဒုတိယတောင်းဆိုချက်တွင် အပြစ်မဲ့သော အီရတ်အရပ်သားများအပေါ် ရာဇဝတ်မှု ကျူးလွန်ခဲ့ကြသည့် ဘလက်ဝါးတားကုမ္ပဏီမှ ကန်ထရိုက်တာများကို တရားရုံးတင် စစ်ဆေး၍ ထိုက်သင့်သော အပြစ်ဒဏ် ပေးရန်တောင်းဆိုကြောင်း၊ အဆိုပါဖြစ်ရပ် တွင် သေဆုံးသွားသူများ၏ မိသားစုများကို သင့်လျော်သော လျော်ကြေးများ ပေးအပ်ရန် တောင်းဆိုကြောင်း ၎င်းပြန်ပေးဆွဲခံရသူက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နယူးဇီလန်တောင်ကျွန်း၌ အင်အား ၅ ဒသမ ၁ ရှိ ငလျင်လှုပ်

ဝယ်လင်တန် ဖေဖော်ဝါရီ ၇

နယူးဇီလန်နိုင်ငံ တောင်ပိုင်း တောင်ကျွန်း၌ ဖေဖော်ဝါရီ ၅ ရက်ညပိုင်းက ရစ်ချ်တာစကေး အင်အား ၅ ဒသမ ၁ ရှိ ငလျင်လှုပ်ခဲ့သော်လည်း သေကျေဒဏ်ရာရရှိခြင်း သို့မဟုတ် ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခြင်းမရှိကြောင်း သိရသည်။

ဒေသစံတော်ချိန် ည ၁၀ နာရီ ၄၈ မိနစ်က အော့တာဂိုနှင့် ဖော့ဒ်လန့်ဒေသတို့၌ ငလျင်လှုပ်ခတ်ခဲ့ပြီး မဲလ်ဖို့ဒ်ဆောင်း ဒေသအနောက်ဘက် ကီလိုမီတာ ၄၀ အကွာကို ဗဟိုပြုကာ မြေပြင်အောက် ၅ ကီလိုမီတာအနက်တွင် လှုပ်သွားကြောင်း နယူးဇီလန်နိုင်ငံ ဘူမိနှင့် ချူကလီးယားသိပ္ပံဌာနက ဖော်ပြသည်။

အမ်အက်အေ၊ဆင်ဟွာ။

မက္ကဆီကို အနောက်တောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်း မြေပြိုခြင်းနှင့် မြစ်ရေလျှံခြင်းတို့ကြောင့် သေဆုံးသူ ၁၈ ဦးအထိတိုးလာ

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၇

မက္ကဆီကိုနိုင်ငံ အနောက်တောင်ပိုင်း မီချိုရာကန် ပြည်နယ်တွင် သုံးရက်ကြာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ၁၈ ဦးထက်မနည်းသေဆုံးကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၅ ရက်က မီချိုရာကန်ပြည်နယ် အိုကမ်ပိုမြို့၌ သီးခြားသုံးနေရာတွင် မြေပြိုကျမှု ဖြစ်ပွားရာ ၁၂ ဦး သေဆုံးခဲ့ပြီး သေဆုံးရသူ ၁၈ ဦးအထိ တိုးလာကြောင်း မီချိုရာကန်ပြည်နယ် တာဝန်ရှိသူများက ပြောကြားသည်။

ဖေဖော်ဝါရီ ၄ ရက်က ယင်းဒေသတွင် မြေပြိုခြင်းနှင့် မြစ်ရေလျှံခြင်းတို့ကြောင့် သုံးဦးသေဆုံးခဲ့သည်။ ယင်းနေ့မတိုင်မီ တစ်ရက်က အိမ်နီးချင်း အင်ဂန်ဂီယိုမြို့၌ မြေပြိုကျခြင်းကြောင့် ကလေးသုံးဦးသေဆုံးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ထွက်ပြေး

ဗုဒ္ဓဟူးနေ့မှစ၍ မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် မီချိုရာကန်ပြည်နယ်တွင် မြေပြိုခြင်းနှင့် ရေလွှမ်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၁၀၀၀၀ ထက် မနည်း အိုးအိမ်စွန့် ထွက်ပြေးခဲ့ရသည်။

ဖေဖော်ဝါရီ ၅ ရက်က မြစ်ရေလျှံမှုဖြစ်ပွားသည့်အတွက် အင်ဂန်ဂူယို၊ တပ်စ်ပန်နှင့် တူဇန့်လာမြို့တို့၌ အရေးပေါ်အခြေအနေ ကြေညာခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



ရေလွှမ်းမိုး

မက္ကဆီကိုနိုင်ငံ ချာလ်ကိုဒေသရှိ ရေလွှမ်းနေသော အဝေးပြေးလမ်းကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်ရဲတပ်ဖွဲ့ဝင်များ မှားယွင်းပစ်ခတ်မှုကြောင့် အရပ်သားခုနစ်ဦးသေဆုံး

ကဘူး ဖေဖော်ဝါရီ ၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ရဲတပ်ဖွဲ့က မှားယွင်းပစ်ခတ်မှုကြောင့် အရပ်သား ခုနစ်ဦး သေဆုံးခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးအား ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၄ ရက် ညပိုင်းက ကန်ဒါဟာပြည်နယ် အစွန်အဖျားဒေသ၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့က မှားယွင်းပစ်ခတ်မှုကြောင့် ရွာသားခုနစ်ဦး သေဆုံးခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်တွင် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးအား ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

သေဆုံးသူများသည် စပင်ဘိုလ်ဒတ်ခရိုင်တွင် ထင်းရရှိရန် သစ်ခုတ်နေကြစဉ် ရဲတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်ခွေးတိုက်ပွဲ၌ ဆိုင်ကယ်ဗုံးခွဲ သုံးဦးသေဆုံး၊ ၃၀ ကျော် ဒဏ်ရာရ

ကန်ဒါဟာ ဖေဖော်ဝါရီ ၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ စနေနေ့က ခွေးတိုက်ပွဲကြည့်နေကြသော လူအုပ်ကြီးအနီး မော်တော်ဆိုင်ကယ်ဗုံး ဖောက်ခွဲခဲ့ရာ သုံးဦးသေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တာလီဘန် သောင်းကျန်းသူများကြီးစိုးရာဟဲလ်မန့်ပြည်နယ်တောင်ပိုင်း မြို့တော်လက်ချ်တာဂါဒ်တွင် ဖြစ်ပွားခဲ့သော အဆိုပါဗုံးခွဲတိုက်ခိုက်မှု၌ ဒဏ်ရာရရှိသူများအနက် ကလေး ၁၈ ဦး ပါဝင်သည်။

ခွေးတိုက်ပွဲကျင်းပရာ နေရာအနီး ရပ်ထားသော မော်တော်ဆိုင်ကယ်တွင် ဗုံးထောင်ထားပြီး ပြိုင်ပွဲကြည့်ရန် လူအများစုဝေးရောက်ရှိလာချိန်တွင် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း ဟဲလ်မန့်ပြည်နယ် ရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ ကာမာလူဒင်ဇန်က ပြောကြားသည်။

ခွေးတိုက်ပွဲသည် အာဖဂန်နစ္စတန်တွင် ခေတ်စားသော ဆောင်းရာသီပြိုင်ပွဲတစ်မျိုးဖြစ်သည်။ အစွန်းရောက် တာလီဘန်များ အုပ်စိုးခဲ့သည့် ၁၉၉၆-၂၀၀၁ ကာလအတွင်း ခွေးတိုက်ပွဲကို ပိတ်ပင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နှစ်နိုင်ငံ အားကစားဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Dr. Phouthong SENG-AKHOM ဦးဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့သည် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် ဧည့်သည်တော်ဝန်ကြီးတို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ရေး၊ နှစ်နိုင်ငံ အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားအဖွဲ့များ အပြန်အလှန်သွားရောက်ပူးတွဲ လေ့ကျင့်ရေး၊ ချစ်ကြည်ရေးပြိုင်ပွဲများ ယှဉ်ပြိုင်ရေး၊ နည်းစနစ်များဖလှယ်ရေး၊ ကြီးကြပ်ဒိုင်နှင့် အဆင့်မီနည်းပြများ ဖလှယ်ရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံလိုအပ်ချက်များအား ဝိုင်းဝန်းပူးပေါင်းဖြေရှင်း ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ညပိုင်းတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့အား သင်္ဂဟဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်သစ်ကူးအထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ဦးစီးကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်သစ်ကူး အထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဘတ်စကက်ဘော အားကစားရုံ၌ ကျင်းပသည်။

ချစ်ကြည်ရေးယှဉ်ပြိုင်

ရှေးဦးစွာ ၂၀၁၀ ခုနှစ် နှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် တရုတ်ရိုးရာ နဂါးအကများဖြင့် ဧည့်ခံဖျော်ဖြေပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး အသင်းနှင့် အသက် (၄၀) အထက် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အသင်းတို့ ချစ်ကြည်ရေးယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်အသင်းက ၄၈ မှတ် - ၄၃ မှတ်ဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါပြိုင်ပွဲ၌ အသက်(၄၀)အထက် အလွတ်တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် (A) အသင်းနှင့် (B)အသင်း၊ Red Star အသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအသင်း၊ အလွတ်တန်း (3 on 3) ပြိုင်ပွဲနှင့် အသက် (၁၆) နှစ်အောက်၊ အသက် (၁၈) နှစ်အောက် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

၁၉၈၁ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အမှတ်(၁၆၄-၁၆၈)၊ ဝါးတန်းလမ်း(အထက်)ရှိ Doreen Burger & Snacks ဆိုင်၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးစိုးညီညီ ဖုန်း-၀၉-၅၀၁၉၆၄၃၊ ဦးရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ဦးဇော်ဝင်းဦး၊ ဖုန်း-၀၉-၅၀၀၄၄၄၅၊ ဦးမြတ်ဇော် ဖုန်း-၀၉-၈၀၂၂၁၁၁၊ ဦးကျော်ရှိန်သန်း ဖုန်း-၀၉-၅၁၈၃၁၂၃၊ ကိုညွန့် ဖုန်း-၇၂၅၇၃၆၊ ဦးတင်ဝင်းထွန်း(မော်စီ) ဖုန်း-၀၉- ၅၀၁၄၂၈၈၊ ဦးညဏ်မင်းဒင် ဖုန်း-၀၉-၅၁၈၂၆၆၉၊ ဦးမျိုးသန့် ဖုန်း-၀၉-၅၁၄၁၄၈၀၊ ဦးသော်တာဆွေ ဖုန်း-၇၀၁၁၈၇၊ ဦးစောမြင့် ဖုန်း-၀၉-၅၁၀၇၉၃၀၊ ဦးမျိုးမြင့်ဦး ဖုန်း-၀၆၇-၄၁၁၀၀၉၊ ဦးကျော်ဝဏ္ဏ ဖုန်း-၀၉-၅၀၄၂၁၈၆၊ ဦးဝင်းမောင် ဖုန်း-၀၉-၅၁၇၃၀၈၀၊ ၀၉-၈၆၁၈၁၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ဖေဖော်ဝါရီ ၇ ရက်က သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Neuton Gunaratna ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

အမက(၉) ဒဂုံမြို့သစ်တောင်ပိုင်း၌ ဇန်နဝါရီ ၂၆ ရက်က ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း(ခ)မှ ပထမရရှိသော မောင်စည်သူအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုမာ ဆုချီးမြှင့်စဉ်။ (ပညာရေး)

အင်းစိန်မြို့နယ် အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတီးမူက ပဉ္စမတန်းဘက်စုံထူးချွန် ပထမဆုရရှိသူ မမြဝတ်ရည်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မျှော်စင်ကျွန်း 547 Trading ဈေးပွဲတော်တွင် စီးပွားရေးလုပ်ငန်းသုံး Sanyo Solar Energy ပြခန်းပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့ ကန်တော်ကြီးမျှော်စင်ကျွန်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် 547 အထူးဈေးရောင်းပွဲတော်တွင် OK Myanmar Co., Ltd. က နေရောင်ခြည်စွမ်းအင်ပြခန်းဖွင့်လှစ်ပြသမည်ဖြစ်သည်။ ပြသမည့် Solar Energy မှာ နိုင်ငံတကာတွင် ကျယ်ပြန့်စွာ လက်ခံသုံးစွဲလျက်ရှိသည့် Sanyo အမျိုးအစားဖြစ်ပြီး မူရင်းဂျပန်နိုင်ငံ Sanyo စက်ရုံများမှ တိုက်ရိုက်ထုတ်လုပ်သည့် အရည်အသွေးအာမခံချက် အပြည့်ရှိသည့် Solar ပြားများကို အသုံးပြု၍ လုပ်ငန်းများ လက်ခံဆောင်ရွက်ပေးရန် စီစဉ်ထားသည်။

OK Myanmar Co., Ltd. ကုမ္ပဏီအနေဖြင့် Solar စွမ်းအင်ကို အိမ်သုံးလျှပ်စစ်မီးအဖြစ် သုံးစွဲခြင်းအဆင့်မှ ကျော်လွန်၍ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍတွင် ရေတင်ခြင်း၊ ရေပေးသွင်းခြင်းလုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကုမ္ပဏီအနေဖြင့် အဆိုပါဈေးပွဲတော်တွင် ကုမ္ပဏီမှ တင်သွင်းဖြန့်ဖြူးနေသည့် Sanyo/ Daewoo/ HQ အမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်းများကိုလည်း ပွဲတော်ရက်အတွင်း အထူးသက်သာသည့် ဈေးနှုန်းဖြင့် ရောင်းချပေးခြင်း၊ လက်ဆောင်ပစ္စည်းများနှင့် 547 ကံစမ်းမဲလက်မှတ်များ ပေးခြင်း၊ သတ်မှတ်ထားသည့် ရေခဲသေတ္တာများကို အဟောင်း၊ အသစ်လဲလှယ်ရောင်းချပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် အထူးငွေပေးချေသည့် အစီအစဉ်ဖြင့် ညှိနှိုင်းရောင်းချပေးခြင်း၊ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးခြင်း စသည့် ဝန်ဆောင်မှု အစီအစဉ်များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ။

အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၇

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၄၀ မိနစ် ၀၃ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၁၉၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ယူကျူကျွန်းစု) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ၊ လူနာသစ်ရှစ်ဦး ထပ်မံတွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၃) ရပ်ကွက်ရှိ ကျောင်းသားများစုစည်းနေထိုင်ရာ ဘော်ဒါဆောင်တစ်ခု၌ ကလေးများ အစုလိုက်ဖျားခြင်း၊ တုပ်ကွေးလက္ခဏာများ ဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသဖြင့် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့သည် ကွင်းဆင်း၍ ရောဂါဖြစ်ပွားပုံ အသေးစိတ်စိစစ်ခြင်း၊ လူနာသစ်ရှာဖွေခြင်း ထိရောက်သောကုသမှုပေးခြင်းနှင့် လူနာများ၏ ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ လူနာရှစ်ဦးတွင် New Influenza A (H1N1) ရောဂါပိုးတွေ့ရှိကြောင်း စစ်ဆေးအတည်ပြုနိုင်ခဲ့သည်။

ကောင်းမွန်လျက်ရှိ

လူနာများအား ဝေဘာဂီအထူးကုဆေးရုံ၌ တက်ရောက်ကုသစေပြီး ၎င်းလူနာများနှင့် အနီးကပ်ထိတွေ့မှုရှိသူ ၇၃ ဦးကိုလည်း သီးခြားထားရှိကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းလူနာရှစ်ဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

တိုက်တွန်းနှိုးဆော်

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၉ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၃) ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် လားရှိုးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီ စင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၈ ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❖ တင်ဝင်းလေး(ကြည့်မြင်တိုင်) ၏ "တောင်ဇလပ်ပန်းတို့အလယ် ဖွံ့ဖြိုးမှုအသွယ်သွယ်ဖြင့် တိုးတက်စည်ပင်နေသော ချင်းပြည်နယ်" (သတင်းဆောင်းပါး) စာမျက်နှာ - ၆၊ ၇
❖ ညွန့်ဦးစိုး ၏ "ခိုင်မြဲသော စုစည်းညီညွတ်မှုစွမ်းအားများ ပေါင်းစုကြစေသော်" (ဆောင်းပါး) စာမျက်နှာ - ၈၊ ၉
❖ ပျဉ်းမနားမြင့်လှိုင် ၏ " ဒို့ပြည်ထောင်စုလှေ" (ကဗျာ) စာမျက်နှာ - ၉
❖ ဝတ်ရည်ခင် (ပဲခူး) ၏ "တွဲလက်ညီညီ အားမာန်ချီ" (ကဗျာ) စာမျက်နှာ - ၉
❖ ရဲထက် ၏ "လိုအပ်ချက်" (ကာတွန်း) စာမျက်နှာ - ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ထုံးကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောင်း၏လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး

ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ အထကကျောင်းသစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယမန်နေ့ နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ၌ ကျင်းပသည့် ထုံးကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆